မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၁၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး * ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကွန်ချောင်းရေအားလျှပ်စစ်စီမံကိန်း ၉၄ ရာခိုင်နှုန်းပြီးစီး လျှပ်စစ်ဓာတ်အား နှစ်စဉ် ကီလိုဝပ် နာရီသန်းပေါင်း ၁၉၀ ထုတ်ပေးနိုင်မည်

နေပြည်တော် မေ ၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏ အနောက်တောင်ဘက် ၉ မိုင်ခန့်အကွာ ကွန်ချောင်းပေါ်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကွန်ချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းပြီးစီးပါက စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အား ၆၀ မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ် နာရီသန်းပေါင်း ၁၉၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၉၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❒

မှတ်သားဖွယ် မိုးရေချိန်များ

၇-၅-၂၀၁၁

နေပြည်တော်(တပ်ကုန်း)	၀ ဒသမ ၃၉ လက်မ
ပြင်ဦးလွင်မြို့	၂ ဒသမ ၈၅ လက်မ
မာန်အောင်မြို့	၂ ဒသမ ၄၄ လက်မ
ကော့သောင်းမြို့	၂ ဒသမ ၄၄ လက်မ
မော်ဘီမြို့	၁ ဒသမ ၈၉ လက်မ

ကွန်ချောင်း ရေအားလျှပ်စစ်စီမံကိန်း

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ကွန်ချောင်းရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပလတ်စတစ်ဆန်ဒါပိုက် မျိုးထောင်နည်းဖြင့် နွေစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် သနပ်ပင်မြို့

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း ➢ သတင်းထောက် ပိန်းဇလုပ်သိန်းညွန့်

ပဲခူး မေ ၇

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်သည် မိုးစပါးသာမက နွေစပါးပါ အောင်မြင်ဖြစ်ထွန်းနေသော မြို့နယ်ဖြစ်သည်။ သနပ်ပင်မြို့နယ်တွင် နွေစပါး၊ မိုးစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို စွမ်းအားမြင့်မားစွာ စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်သည်။

မိမိတို့ သတင်းအဖွဲ့သည် ပဲခူးမြို့နယ်၏ အရှေ့ဘက်တွင်ရှိသော သနပ်ပင်မြို့နယ်သို့ နွေစပါးစိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှုများကို တစေ့တစောင်း လေ့လာတင်ပြနိုင်ရန် ခရီးထွက်ခဲ့သည်။ ဧပြီ ၁၂ ရက်က သနပ်ပင်မြို့ အနီးပတ်ဝန်းကျင်ရှိ ရွာနီးချုပ်စပ်ကျေးရွာများမှ စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာခွင့်ရခဲ့သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ◆

နွေစပါးများကို ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက်ကြီး အသုံးပြု၍ ရိတ်သိမ်းနေသည်ကို ဤသို့ တွေ့ရသည်။

ဝင်းမှည့်နေသော နွေစပါးများကလည်း ဤသို့ သီးညွတ်လျက်....။

8-5 (01).pmd 1 5/8/2011, 2:13 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၈ ရက်)

စာကောင်းပေမွန်များ ပိုမိုထွက်ရှိရေး ကြိုးပမ်းစွမ်းဆောင်

စာပေသည် လူမျိုးတစ်မျိုး၏ယဉ်ကျေးမှုဖြစ်သည်။ လူမျိုးတစ်မျိုး၏ သမိုင်းကိုဖော်ပြသော ကြေးမုံဖြစ်သည်။ မြန်မာစာပေသည် ရှေးမြန်မာမင်းများလက်ထက်မှအစပြု၍ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပြီး အထောက်အထားခိုင်လုံမှုရှိကာ အဆင့်အတန်းမြင့်မားခဲ့သည်။

နိုင်ငံတော်အနေဖြင့် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသည်။ စာပေလောကနှင့် စာပေလောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်းများဖြစ်သည့် ဆရာဝန်တင်ရွှေ စာပေဆု၊ ထွန်းဖောင်ဒေးရှင်း စာပေဆု၊ ပခုက္ကူဦးအုံးဖေ စာပေဆု၊ သုတစွယ်စုံ စာပေဆုတို့သည်လည်း နိုင်ငံတော်နှင့်အတူ စာပေလောကအတွက် တစ်ထောင့်တစ်နေရာက ပူးပေါင်းဖြည့်ဆည်းပေးလျက်ရှိသည်။

စာပေအသိပညာရှင်၊ အတတ်ပညာရှင်များသည် မိမိတို့ဝါသနာ၊ စေတနာ၊ ယုံကြည်ချက်များအပေါ် အရင်းခံပြီး နိုင်ငံနှင့်ပြည်သူအကျိုးအတွက် နှစ်ကာလပေါင်းများစွာ ရင်းနှီးပေးဆပ်အနစ်နာခံကာ စာပေလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ စာပေပညာရှင်များ၏ တန်ဖိုးရှိသောစာပေများကို မပျောက်မပျက်ထိန်းသိမ်းရန်၊ လေ့လာမှတ်သားရန်သည် ယနေ့မျိုးဆက်သစ်လူငယ်တို့၏ တာဝန်ဖြစ်သည်။

စာပေပညာနှင့် စာပေလောကသားများသည် အမျိုးသားရေးအမွေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရမည်ဖြစ်သည်။ ပြည်သူလူထုအတွင်း မှန်ကန်သည့်ကိုယ်ကျင့်သိက္ခာဆိုင်ရာ အတွေးအမြင်များ ခံယူကျင့်သုံးရေး၊ အချင်းချင်း ရိုင်းပင်းညီညွတ်ပြီး ပြည်ထောင်စုစိတ်ဓာတ် တည်ဆောက်ရေး၊ အသိပညာ၊ နည်းပညာများ မြင့်မားတိုးတက်ရေးကို စာပေစွမ်းအားဖြင့် ဖြည့်ဆည်းစွမ်းဆောင်ပေးကြရမည်ဖြစ်သည်။

ကလောင်သွားသည် ဓားသွားထက် ထက်သည်ဆိုစကားအရ စာပေစွမ်းအားသည် လူတို့၏စိတ်ကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိသည်။ ထို့ကြောင့်လည်း စာကောင်းပေမွန်များသည် လူတို့၏စိတ်ကို မြင့်မားတိုးတက်စေသဖြင့် ဘဝ၏တိုးတက်မှုနှင့် နိုင်ငံတော်အတွက်အကျိုးပြုမည့် စာကောင်းပေမွန်များ ပိုမိုထွက်ရှိရေးကို စာပေလောကသားများက ဝိုင်းဝန်းကြိုးပမ်းသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းဒေသကြီး နှစ်စဉ်စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၇

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါအားထားရသော တိုင်းဒေသကြီးဖြစ်၍ ဌာနအလိုက်၊ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ကြသော ဝန်ထမ်းများအားလုံး တာဝန်ရှိရှိ၊ သစ္စာရှိရှိ ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များပြည့်မီကျော်လွန်အောင် အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းအဖွဲ့အစည်းများက အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက မေ ၆ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး စုစည်းခန်းမ၌ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနား၌ ပြောကြားသည်။

တာဝန်များပေးအပ်

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဆွေက လုပ်ငန်းကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်အုပ်ချုပ်ရေးမှူး လေးဦးတို့အား စီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၃)ရပ်ကွက် ရွှေဝတ်မှုံ ရေမြောင်းအတွင်းရှိ အမှိုက်များနှင့် ဗေဒါများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းကို မေ ၂ ရက်က အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ကြီးကြပ်လျက် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် အင်းဝလမ်း(၂၀) အမှတ် ၁၄၉ နေ မိဘများဖြစ်ကြသည့် ဦးချစ်လှ-ဒေါ်ထွန်းမယ်အားရည်စူး၍ သားသမီးမြေးတစ်စုတို့က ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

စွမ်းအားမြင့်မီးဖိုသုံးစွဲမှု အသိပညာပေး

လပွတ္တာ မေ ၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မာစီကော့အဖွဲ့တို့ပူးပေါင်းဆောင်ရွက်သော သစ်တောသစ်ပင်ထိန်းသိမ်းရေး၊ ထင်းသုံးစွဲမှုလျှော့ချရေး၊ စွမ်းအားမြင့်မီးဖိုသုံးစွဲမှု အသိပညာပေးပွဲကို မေ ၁ ရက် နံနက် ၁၀ နာရီက လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မာစီကော့အဖွဲ့မှ စီမံကိန်းမန်နေဂျာဒေါ်မြစံပါယ်ညွှန့်က ၄င်းတို့အဖွဲ့မှ ဆောင်ရွက်နေသည့် ဒီရေတောများ စိုက်ပျိုးမှုအခြေအနေနှင့် ထင်းသုံးစွဲမှု လျှော့ချနိုင်သည့် စွမ်းအားမြင့်မီးဖိုများအကြောင်း မိတ်ဆက်ပြောကြားကာ မီးဖိုအသုံးပြုပုံများကို ရှင်းလင်းပြီး တက်ရောက်လာသူများက ခင်းကျင်းပြသထားသော စွမ်းအားမြင့်မီးဖိုများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ (ယာပုံ)

(မြို့နယ် ပြန်/ဆက်)

ဆေးတက္ကသိုလ် (မကွေး) ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲကျင်းပမည်

မကွေး မေ ၇

ဆေးတက္ကသိုလ်(မကွေး)၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူ အသစ်နှင့်အဟောင်းများ၊ ဆရာ ဆရာမများတွေ့ဆုံပွဲကို မေ ၂၂ ရက် (တနင်္ဂနွေနေ့)တွင် ဆေးတက္ကသိုလ် (မကွေး)၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဆေးတက္ကသိုလ် (မကွေး) စီမံရေးရာဌာန ဖုန်း-၀၆၃-၂၃၇၀၁၊ လိုင်းခွဲ-၂၀၆သို့ မေ ၁၆ရက်၌ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ရန်ကုန်မြို့မှ ကားကြိုပို့အစီအစဉ်ဖြင့် လိုက်ပါလိုသူများသည် ဒေါက်တာကျော်လင်းထွန်း ဖုန်း-၀၉-၈၅၇၅၉၉၇နှင့် ဒေါက်တာသက်အောင်စိုး ဖုန်း-၀၉-၅၀၆၃၀၁၈တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဆည်၏ရေဝေရေလဲဒေသ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်း ရေလွှဲဆည်နှင့် ရေသောက်စနစ်များ အချိန်မီပြီးစီးရေး တစ်ပြိုင်တည်းဆောင်ရွက်

နေပြည်တော် မေ ၇

ဖြူးချောင်းရေလှောင်တမံဘက်စုံ စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ သဘော်မြောင်ရိုးအနီး ဖြူးချောင်းပေါ်၌ တမံအလျားပေ ၁၀၂၀၊ တမံအမြင့် ၂၄၅ ပေရှိ ဇုန်အမျိုးအစား ကျောက်ဖြည့်တမံဖြစ်ပြီး စိုက်ပျိုးမြေ ဧကတစ်သိန်းကို ရေပေးနိုင်သည့်အပြင် ရေအားလျှပ်စစ် ၄၀ မဂ္ဂါဝပ်တပ်ဆင်၍ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၂၀ ဖြစ်သည်။ ဖြူးချောင်းရေလှောင်တမံ ဘက်စုံ စီမံကိန်းသည် မေ ၅ ရက်အထိ စီမံကိန်းတစ်ခုလုံး၏ ၃၃ ဒသမ ၇၇ ရာခိုင်နှုန်း ပြီးစီးပြီး ရေအားလျှပ်စစ်ပိုင်းတွင် စီမံကိန်း၏ ၇၃ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ပိုမိုသက်သာ

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်(**အပေါ်ပုံ**)သည် မေ ၆ ရက် နံနက် ၁၀ နာရီတွင် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူတို့အား ဤရေလှောင်တမံစီမံကိန်းသည် စိုက်ပျိုးရေရရှိရေးအတွက်နှင့် ရေအားလျှပ်စစ်ထုတ်ယူရရှိမည့် ဘက်စုံစီမံကိန်းဖြစ်သည်နှင့်အညီ စီမံကိန်းလုပ်ငန်းများ မြန်မြန်ပြီးသည်နှင့်အမျှ ပြည်သူများ လျင်လျင်မြန်မြန် အကျိုးခံစားရမည်ဖြစ်သည့်အပြင် ကုန်ကျစရိတ်လည်း ပိုမိုသက်သာစေမည် ဖြစ်ကြောင်း။

ကာကွယ်ထိန်းသိမ်း

ဝန်ကြီးဌာန နှစ်ခုမှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းညှိနှိုင်းပြီး ဟန်ချက်ညီညီ လုပ်ဆောင်ကြရန်လိုကြောင်း၊ ဆည်၏ ရေဝေရေလဲဧရိယာအတွင်းနှင့် ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ၊ သဘာဝသားရဲတိရစ္ဆာန်များအား ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ ရေလွှဲဆည်နှင့် ရေသောက် စနစ်များကိုလည်း အချိန်မီပြီးစီးရေး တစ်ပြိုင်တည်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်ယန္တရားကြီးများဖြင့် ပင်မတမံမြေသားဖို့နေမှုနှင့် ရေအားလျှပ်စစ် ဥမင်လိုဏ်အတွက် အတွင်းသားကွန်ကရစ်လောင်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် အုတ်တွင်းမြို့နယ် ခပေါင်းချောင်းပေါ်၌ တည်ဆောက်ထားသော ခပေါင်းရေလှောင်တမံသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ဆည်အတွင်းစီးဝင်ရေ သိုလှောင်ထားမှု၊ ရေပိုလွှဲ၊ ပင်မတမံ ကြံ့ခိုင်ရေးထိန်းသိမ်းထားရှိမှု၊ အကျိုးပြုဧက ၆၅၀၀၀ ရှိသည့် ရေသောက်စနစ် တည်ဆောက်နေမှု၊ တည်ဆောက်ပြီးသောအပိုင်းများတွင် မိုးစပါး၊ နွေစပါး စိုက်ပျိုးရေပေးဝေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် စိုက်ပျိုးရေ လိုအပ်ချက်အရ ရေသောက်စနစ် အမြန်ပြီးစီးရေး၊ တောင်သူများ၏ အထူးပြုစိုက်ပျိုးသီးနှံများကို ရေရရှိမှုပေါ် မူတည်၍ အောက်ခြေအထိဆင်းကာ ပေါင်းစပ်ညှိနှိုင်းပြီး သီးနှံပုံစံများ ချမှတ်ဆောင်ရွက်ပေးရေး စသည်ဖြင့်မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေအားလျှပ်စစ်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နဝရတ်ကွန်ဒိုမီနီယံဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၇

အမှတ်(၂၂/၂၄) စမ့်လမ်း ဒဂုံမြို့နယ်ရှိ FATHER LAND Construction & Decoration Co.,Ltd. မှ တာဝန်ယူဆောက်လုပ်ပြီးစီးသွားသော FATHER LAND နဝရတ်ကွန်ဒိုမီနီယံဖွင့်ပွဲနှင့် အိမ်အပ်ပွဲကို မေ ၁ ရက်က FATHER LAND နဝရတ်ကွန်ဒိုမီနီယံ၏ရှေ့၌ ညနေ ၅ နာရီမှ ည ၈ နာရီထိကျင်းပရာ မြေရှင်၊အိမ်ရှင် ဒေါ်လှလှအုန်းနှင့် FATHER LAND Construction & Decoration Co.,Ltd. ၏ Chairman ဦးကျော်မြင့်နှင့် တာဝန်ရှိသူတို့က ကွန်ဒိုမီနီယံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

ပြုလုပ်ပေး

FATHER LAND Construction & Decoration Co.,Ltd. သည် အထပ်မြင့်၊ အထပ်နိမ့် အဆောက်အအုံများ၊ ကွန်ဒိုမီနီယံများ၊ လုံးချင်းတိုက်များ၊ စက်ရုံများ၊ ဟိုတယ်များ ဆောက်လုပ်ခြင်း၊ Renovation ပြုလုပ်ခြင်း၊ Decoration ပြုလုပ်ခြင်းတို့ကို Customer များ စိတ်တိုင်းကျ ပြုလုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။ FATHER LAND Construction နှင့် ဆက်သွယ်လိုပါက အမှတ်(၂၁၉/၂၂၁) ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၃၁၀၇၁၊ ၀၉-၅၀၆၇၄၇၄၊ ၀၉-၅၄၀၇၇၇၄၊ ၀၉-၇၃၁၁၀၀၀၀၊ ၀၁-၃၉၇၆၄၉၊ ၀၁-၂၉၆၄၀၁၊ ၀၁-၂၉၈၅၄၀ နှင့် ၀၁-၂၀၄၀၅၅ တို့ထံသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၇

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲကို မေ ၁၆ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် အလွတ်တန်းပြိုင်ပွဲ၌ အမျိုးသား အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ (Mixed Doubles)၊ သက်တန်းအလိုက်ပြိုင်ပွဲ၌ အသက် ၁၀ နှစ်၊ ၁၂ နှစ်၊ ၁၄ နှစ်၊ ၁၆ နှစ်နှင့် ၁၈ နှစ်အောက် မျိုးဆက်သစ်လူငယ်အမျိုးသား အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲ (Inter Club) များ ပါဝင်ကြမည်ဖြစ်သည်။

ဆောင်ရွက်ပေး

ယင်းပြိုင်ပွဲအားလုံးသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လာရောက်ယှဉ်ပြိုင်ကြသူများအတွက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ နေထိုင်ရေးကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

မေးမြန်းစုံစမ်းနိုင်

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁၊ ၉၉၂ (လိုင်းခွဲ-၀)နှင့် ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**အမေရိက်မှ ပိုနာသည်** တရားတော် (ဆရာတော်ဦးသုခေမိတ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၇)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၅)
၈:၄၅	Legendary Journey Live at Singapore (Part-6)
၉:၄၀	Sunday Talk (စာရေးဆရာကျော်ဦး၊ မျိုးမြတ်သူ)
၁၀:၁၅	ရွှေလင်းယုန် ဆရာတော်ကြီး၏ စိန်ရတုဝိဇာတမင်္ဂလာ
၁၀:၃၅	ဗီဒီယိုပြခန်း
၁၁:၀၀	ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၁၁:၀၅	သွားမယ်စားမယ် (Golden Sea Food)
၁၁:၄၀	မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ-၂၀၁၁
၁၂:၀၅	စိန်ကြယ်ပွင့်တို့ရဲ့သားအိမ်ခေါင်း ကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
၁၂:၃၅	မဟာစည်သာသနာ့ရိပ်သာမှ နှစ်သစ်ကူးပဒေသာပင် ဆွတ်ခူးပွဲတော်
၁:၀၀	**အမေရိက်မှ ပိုနာသည်** တရားတော် (ဆရာတော်ဦးသုခေမိတ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း **ညှော့သည်လာတာကောင်းတယ်၊ ညှော့သည်မလာတာကောင်းတယ်**
၃:၃၅	ကျန်းမာလှပသွယ်လျဖို့ Smart Girl ကိုသွားကြစို့
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၅)
၄:၅၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅:၃၀	ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၁၀)
၆:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၈)
၇:၁၀	Legendary Journey Live at Singapore (Part-7)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Kid' s Show
၉:၀၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၅)
၉:၃၀	**Barclays Premier League (Man U Vs Chelsea)**
၁၁:၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၆)
၁၂:၃၀	အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာသိန်းသိန်းငွေး)
၁၂:၄၅	ယုံကြည်စိတ်ချသူတို့ဘဝ
၁:၀၀	**တစ်ပြည်ဝင်အိုး** ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် (ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art))
၁:၃၀	SINGAPORE Sunday
၁:၅၀	3D ကျွဲကော
၂:၀၅	ဒို့တိုင်းဌာနီဧရာဝတီ (ကြီးမားဖွံ့ထွားဧရာဝတီရဲ့ငါး)
၂:၃၀	ယဉ်ကျေးသွင်ပြင်ဝတ်စားဆင်ပိုးချိတ်အသွင်
၂:၄၅	Let's Dance (The Uranium Dance Studio)
၃:၁၅	ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ
၃:၃၅	ပတ္တမြားမြေမှလေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ
၄:၀၀	သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၄:၁၀	Music Talk (မိဘမေတ္တာ)
၄:၂၀	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၄:၄၅	အံ့ဖွယ်တန်းခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၂၅	Wolverhampton - West Brormwich	ESPN (Live)
၇:၁၀	Stoke City - Arsenal	ESPN (Live)
၉:၁၀	Man U - Chelsea	ESPN (Live)

နေပြည်တော်ကုန်စည်ပြပွဲ (၂၀၁၁)၌ လာရောက်လေ့လာသူများ၊ ပစ္စည်းဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ခင်းကျင်းပြသရောင်းချနေသည့် ပစ္စည်းများမှာ အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဆက်သွယ်ရေးသုံးပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ အမျိုးသား၊ အမျိုးသမီးအဝတ်အထည်များ၊ အလှကုန်နှင့် အသားအရေထိန်းသိမ်းမှုဆိုင်ရာပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အိမ်ရာအရောင်းပြခန်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကျန်းမာရေးအထောက်အကူပြုဆေးဝါးများ၊ Fancy ပစ္စည်းများ၊ အလှပြုပြင်ရေးလုပ်ငန်းများ၊ ပရိဘောဂများ၊ သစ်တောထွက်ပစ္စည်းများ၊ အကြီးစားနှင့် အလတ်စားစက်ပစ္စည်းများ၊ စက်မှုဇုန်ထုတ်ကုန်များ၊ စာရေးကိရိယာနှင့် အခြားလူသုံးကုန်ပစ္စည်းများဖြစ်သည်။

ခင်းကျင်းပြသ

ယခုကျင်းပနေသော နေပြည်တော်ကုန်စည်ပြပွဲ (၂၀၁၁)သည် နေပြည်တော်၌ ပထမဆုံးအကြိမ်ပြုလုပ်သော ကုန်စည်ပြပွဲကြီးဖြစ်ပြီး မေ ၈ ရက်အထိ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်၌ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်

နေပြည်တော် မေ ၇

နေပြည်တော် ခုတင် (၂၀၀)ဆံ့ ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာလှလှကြည် ဦးဆောင်သော ကွင်းဆင်းကုသရေးအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် သစ်ဆိပ်ပင်ကျေးရွာအုပ်စု သစ်ဆိပ်ပင်မြောက်ရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာရှစ်ရွာမှ ပြည်သူ ၃၂၈ဦးအား အထွေထွေရောဂါ၊ မျက်စိ၊ သွားနှင့်ခံတွင်း၊ ကလေး၊ မီးယပ်၊ အရိုး၊ အရေပြားနှင့် ငှက်ဖျားရောဂါများကို ကုသပေးခဲ့ပြီး ကျန်းမာရေး အသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

တရုတ်နိုင်ငံတွင် သစ်တောမီးလောင်မှုဖြစ်ပွား

ပေကျင်း မေ ၇

တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ်အရှေ့မြောက်ပိုင်းရှိ သစ်တော၌ မေ ၆ ရက်က မီးလောင်မှုဖြစ်ပွားရာ မီးသတ်သမား ၃၉၀၀ ကျော်ဖြင့် ငြိမ်းသတ်ခဲ့ရကြောင်း ပြည်နယ်သစ်တောရေးရာဌာနက သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ပြည်နယ်သစ်တောရေးရာဌာနသို့ တောမီးလောင်သည့်အကြောင်း ပြည်နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများက မေ ၆ ရက် ညနေ ၃ နာရီခန့်တွင် သတင်းပို့ခဲ့ခြင်း ဖြစ်သည်။

သစ်တောဌာနတာဝန်ရှိသူများက ဒါရှန်ဂလင်းဒေသရှိ သစ်တောဟက်တာ ၃၀ ခန့် မီးလောင်သွားခဲ့ကြောင်း၊ တာဝန်ရှိသူများက မီးငြိမ်းသတ်ရန် ရဟတ်ယာဉ်လေးစီးပါ စေလွှတ်ခဲ့ရကြောင်း၊ မေ ၆ ရက် ညနေပိုင်းအထိ ထိခိုက်ဒဏ်ရာရသူ မတွေ့ရှိရသေးကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

ရစ်ချ်တာစကေး ၆ ဒသမ ၁ ရှိငလျင် အင်ဒိုနီးရှားအရှေ့ပိုင်းတွင်လှုပ်

ဂျကာတာ မေ ၇

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ၁ အဆင့်ရှိငလျင်တစ်ခု မေ ၆ရက်က လှုပ်သွားခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုသတင်းမရရှိသေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂျကာတာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၆ မိနစ်တွင် ဆူလာဝေစီပြည်နယ်မြောက်ပိုင်းရှိ ဂိုရွန်တာလိုမြို့ အနောက်တောင်ဘက် ၇၅ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ၃၅ ကီလိုမီတာအနက်တွင် ငလျင်ဗဟိုပြု လှုပ်သွားခြင်းဖြစ်ကြောင်း မြေငလျင်တိုင်းတာရေးဌာန တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ ဖုန်းဖြင့် ပြောကြားခဲ့သည်။

မြေငလျင်တိုင်းတာရေးဌာနက ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်တို့၏ ဒုံးကျည်ဖြင့်တိုက်ခိုက်မှု ပါကစ္စတန် ၁၅ ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

အစ္စလမ္မာဘတ် မေ ၇

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း လူမျိုးစုဒေသ၌ မေ ၆ ရက်က အမေရိကန်တို့၏ မောင်းသူမဲ့ လေယာဉ်က ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် အနည်းဆုံး ၁၅ ဦးသေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာက သတင်းဖော်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါဒုံးကျည်များသည် မြောက်ဝါဇီရစ္စတန်လူမျိုးစုဒေသဖြစ်သော ဒတ်တာခါးလ်အရပ်ရှိ ဟိုတယ်တစ်လုံး၏ ယာဉ်ရပ်နားစခန်းကို ထိမှန်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

အမေရိကန်တို့၏ ယင်းတိုက်ခိုက်မှုသည် ယခုနှစ် နှစ်ဆန်းပိုင်းမှစ၍ (၂၆) ကြိမ်မြောက် တိုက်ခိုက်မှုဖြစ်ပြီး လူ ၁၈၀ ကျော် သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

နိုင်ရိုဘီလေဆိပ်၌ ကွန်တိန်နာအတွင်း ဆင်စွယ်များဖမ်းမိ

နိုင်ရိုဘီ မေ ၇

ကင်ညာနိုင်ငံ နိုင်ရိုဘီလေဆိပ်တွင် မှောင်ခိုခိုးထုတ်သည့် ဆင်စွယ်အလေးချိန်တစ်တန်ကျော်ကို ဖမ်းဆီးမိခဲ့ကြောင်း တာဝန်ရှိသူများက မေ ၆ရက်တွင် ပြောကြားသည်။ နိုင်ဂျီးရီးယားနိုင်ငံသို့ပို့ဆောင်မည့် ကွန်တိန်နာများအတွင်း ဆင်စွယ် ၁၁၅ချောင်းကို အနံ့ခံခွေးများကြောင့် ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။

စုံစမ်းမည်

ယင်းကိစ္စနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ကင်ညာနိုင်ငံတွင် ဆင်များခိုး ဖမ်းသည့်နှုန်းမှာ မြင့်တက်လျက်ရှိရာ ၂၀၀၇ ခုနှစ်တွင် နိုင်ငံအတွင်းမှ ဆင်ကောင်ရေ ၄၇ ကောင်၊ ၂၀၀၈ ခုနှစ်တွင် ၁၄၅ ကောင်၊ ၂၀၀၉ ခုနှစ်တွင် ၂၇၁ ကောင် သတ်ဖြတ်ခံရပြီး ၂၀၁၀ ခုနှစ်တွင် ၁၈၇ ကောင် သတ်ဖြတ်ခံခဲ့ရကြောင်း ကင်ညာတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ ဆင်ကျွမ်းကျင်သူပညာရှင် ပက်ထရစ် အိုမိုဒီက ပြောကြားသည်။

ပျောက်ဆုံး

ယခုနှစ်အတွင်း ဧပြီလကုန်အထိ ပျောက်ဆုံးနေသည့် ဆင်ကောင်ရေမှာ ၈၇ ကောင် ရှိပြီဖြစ်ကြောင်း ၎င်းကပင် ဆက်လက်ပြောကြားသည်။

သိမ်းဆည်းရမိ

နိုင်ရိုဘီလေဆိပ်တွင် ပြီးခဲ့သည့်လများကလည်း ဆင်စွယ်အများအပြားကို သိမ်းဆည်းရမိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ပြီးခဲ့သည့်နှစ်ကလည်း နိုင်ရိုဘီလေဆိပ်တွင် ဆင်စွယ် နှစ်တန်နှင့် ကြံ့ချိုငါးခုကို သိမ်းဆည်းရမိခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

● မိုးမြင့်လင်းလက် - စုစည်းသည် ●

စပိန်ကမ်းလွန်၌ ကူးတို့ယာဉ်နစ်မြုပ် ၂၂ ဦးပျောက်ဆုံး၊ ၂၉ ဦးကယ်ဆယ်နိုင်

မက်ဒရစ် မေ ၇

စပိန်နိုင်ငံတောင်ပိုင်းကမ်းလွန်တွင် မေ ၆ ရက် နံနက်က ကူးတို့ယာဉ်တစ်စင်း နစ်မြုပ်ခဲ့ရာ ၂၂ ဦး ပျောက်ဆုံးပြီး ၂၉ ဦးကိုကယ်ဆယ်နိုင်ခဲ့ကြောင်း စပိန်ပင်လယ်ပြင်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့က မေ ၇ ရက်၌ ပြောကြားသည်။

ပြောကြား

ပျောက်ဆုံးနေသူများမှာ နို့စို့အရွယ်ကလေးငယ်တစ်ဦး၊ အသက်ငါးနှစ်အရွယ် ကလေးငယ်တစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် အမျိုးသား ၁၉ ဦးတို့ဖြစ်ကြောင်း အယ်မီရီးယားဆိပ်ကမ်းမှ ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

နစ်မြုပ်ခဲ့

အဆိုပါကူးတို့ယာဉ်သည် တရားမဝင် ခိုးဝင်လာသူများကို တင်ဆောင်လျက် မော်ရိုကိုနိုင်ငံမှ မြေထဲပင်လယ်ကိုဖြတ်သန်းပြီး စပိန်နိုင်ငံသို့ ခိုးဝင်လာစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၀ ခုနှစ်အတွင်း မြေထဲပင်လယ်ကို ကူးတို့ယာဉ်ဖြင့်ဖြတ်သန်းပြီး စပိန်နိုင်ငံသို့ တရားမဝင်ခိုးဝင်လာသူဦးရေမှာ ၃၆၃၂ ဦးရှိကြောင်း စပိန်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ (အင်တာနက်)

ရုရှားတောင်ပိုင်း၌ မီးလောင်မှုဖြစ်ပွား ငါးဦး သေဆုံး၊ ၁၀ ဦး ဒဏ်ရာရရှိ

မော်စကို မေ ၇

ရုရှားနိုင်ငံတောင်ပိုင်း ဆာမာရာမြို့တွင် မေ ၆ ရက်က မီးလောင်မှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားမီဒီယာများက ဧပြီ ၇ ရက်၌ ပြောကြားသည်။

လောင်ကျွမ်း

*ဖြစ်ပွားမှုမှာ ဆာမာရာမြို့ရှိ လေးထပ်လူနေ အဆောက်အအုံ၏ မြေညီထပ်ဈေးဆိုင်မှ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး အပေါ်ထပ်များသို့ မီးကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)***

မီးသတ်တပ်ဖွဲ့ဝင်များက ယင်းအဆောက်အအုံတွင် နေထိုင်သောလူများအား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရသည်။ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင် ၁၇၀ ကျော်ရောက်ရှိလာပြီး မီးငြိမ်းသတ်ခဲ့ရသည်။

ကုသမှုခံယူ

*အသက်ခုနစ်လသား ကလေးငယ်တစ်ဦးအပါအဝင် ဒဏ်ရာရရှိသူ ၁၀ဦးအားဆေးရုံသို့တင်ပို့ခဲ့ရကြောင်း သိရသည်။ **(အင်တာနက်)***

အနောက်ဂျာဗားပြည်နယ်၌ မြေပြို ၁၇ ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

ဂျကာတာ မေ ၇

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် မေ ၆ ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ၁၇ ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက မေ ၇ ရက်၌ ပြောကြားသည်။

ဆောင်ရွက်ပေးလျက်ရှိ

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားသည့်အပြင် ရေများပါ လွှမ်းခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့များက မြေပြိုမှုဖြစ်ပွားသည့်နေရာသို့ သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ (အောက်ပုံ)

သတင်းထုတ်ပြန်

ဂါရက်ခရိုင်တွင်လည်း မြေပြိုမှုကြောင့် နေအိမ်များပျက်စီးခဲ့ကြောင်း၊ မိုးသည်းထန်မှုကြောင့် ရေလွှမ်းမိုးမှုများလည်း ဖြစ်ပွားလျက်ရှိကြောင်း၊ ပျောက်ဆုံးသူအချို့အား ရှာဖွေလျက်ရှိကြောင်း အင်ဒိုနီးရှားမီဒီယာများ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ (အင်တာနက်)

8-5 (04).pmd 1 5/8/2011, 2:13 AM

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ruth Kahanoff သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး Mr. Yaron Mayer နှင့်အတူ မေ ၆ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး အချိန်မီဇာတ်တိုက်လေ့ကျင့်သွားမည်

နေပြည်တော် မေ ၇

စိုက်ပျိုးရေးကဏ္ဍတွင် စက်မှုလယ်ယာအဆင့်သို့ ရောက်ရှိအောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စပါးအထွက်နှုန်းကောင်းအောင် လိုအပ်သော နည်းပညာနှင့် သွင်းအားစုကိုလည်း လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိုးဦးကာလနီးလာသည်နှင့်အမျှ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို မေလအတွင်း အချိန်မီဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က မေ ၄ရက် နံနက် ၈ နာရီက ပုဏ္ဏားကျွန်းမြို့နယ်ခန်းမ၌ ကျင်းပသော မြို့နယ်ဆန်စပါးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနား၌မှာကြားသည်။

အားပေးစကား

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသည့် လူနာများကို ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မြို့နယ်လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးလုပ်ငန်းဓာတ်အားပေးစက်နှင့် ရွာဟောင်းရပ်ကွက်ရှိမီးသတ်စခန်းဆောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် စံမတီချောင်းအနီးရှိ ပုဏ္ဏားကျွန်း-ရသေ့တောင်ကားလမ်းဖောက်လုပ်ရေး စီမံကိန်းပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပိုင်း မိုင်တိုင်အမှတ်(၂/၄)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားအထူးအဖွဲ့ (၁၀)က ဆောင်ရွက်နေသည့် အရှည်ပေ ၄၈၀၊ အကျယ် ၂၄ပေရှိ သံကူကွန်ကရစ်ရက်မ-သံကူကွန်ကရစ် ကြမ်းခင်းနှစ်လမ်းသွား အမျိုးအစား တံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရာထမ်းအင်္ဂလိပ်စကားပြောကျွမ်းကျင်မှု သင်တန်းဆင်း

နေပြည်တော် မေ ၇

မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတကာနှင့် ပူးပေါင်းလုပ်ဆောင်ရမည့် ဝန်ကြီးဌာနဖြစ်သည့်အတွက် ဝန်ထမ်းတိုင်း အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်တတ်မြောက်ထားရန် လိုအပ်ကြောင်းဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က မေ ၆ရက် ညနေ ၄နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသည့် အရာထမ်းအင်္ဂလိပ်ဘာသာစကားပြော ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁/၂၀၁၁)သင်တန်းဆင်းပွဲအခမ်းအနားတွင်ပြောကြားသည်။

အဆိုပါ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မျက်စိခွဲစိတ်ကုသမှု အလှူဒါန ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင်ပြုလုပ်

မာန်အောင် မေ ၇

ရခိုင်ပြည်နယ် မာန်အောင်ကျွန်း မာန်အောင်မြို့နယ်တွင် မျက်စိဆရာဝန်ကြီး ဒေါက်တာ ဦးအေးထွန်း၊ ပါမောက္ခ ကိုကိုတင်၊ ပါမောက္ခ ဗိုလ်မှူးကြီး သိန်းအောင်(ငြိမ်း)၊ ဒေါက်တာလှမောင်ဒင်၊ ဒေါက်တာ သောင်းသောင်းဆိုင်၊ ဒေါက်တာ တင်တင်လင်း၊ ဒေါက်တာ မိမိထွန်းနှင့် မျက်မှန် ကျွမ်းကျင်သူအကူ သူနာပြုဆရာ ဆရာမ ၁၃ ဦးတို့သည် ဧပြီ ၄ ရက်မှစ၍၂၃ ရက်အထိ ရန်ကုန်မှ မာန်အောင်ကျွန်းသို့ သွားရောက်ကာ မျက်စိဝေဒနာရှင်များအား အတွင်းတိမ် ထုတ်ခြင်း၊ မျက်စိအတွင်း ပါဝါမှန် (IOL) ထည့်ခြင်း၊ ၂၇၁ဦးအား အကြီးစားနှင့် ခြောက်ဦးအား အသေးစားခွဲစိတ်ခြင်း၊ ၈၆၆ ဦးအား မျက်မှန်ပါဝါတိုင်း၍ မျက်မှန်တပ်ဆင်ပေးခြင်း**(အပေါ်ပုံ)**၊ ၁၅၄၈ ဦးအား ပြင်ပလူနာအဖြစ် စစ်ဆေးပေးခြင်းတို့ကို အလှူဒါနအဖြစ် အခမဲ့ ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမက (၃၂)၌ ဧပြီ ၂၉ ရက်က ကျင်းပသော ဒုတိယအကြိမ် ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲတွင် ဆုရရှိသူကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၈-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၁၅	၅။	ဓမ္မပူဇာတေး
၇:၂၀	၆။	မျိုးချစ်တပ်မတော်
၇:၂၅	၇။	မြန်မာ့ရှုခင်း
၇:၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄	၃။	နိုင်ငံတော်သီချင်း
၁၁:၀၅	၄။	အဖွင့်သီချင်း
၁၁:၁၀	၅။	မျိုးချစ်တပ်မတော်
၁၁:၂၀	၆။	ကာတွန်းအစီအစဉ် **ဘော့ဘောကြယ်ပွင့်များ** (အပိုင်း-၂)
၁၁:၄၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားရဲ့ ဆွဲငင်ရာ**
၁၂:၃၀	၈။	ကျန်းမာသုတ
၁၂:၄၀	၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၆၅)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	မျိုးချစ်တပ်မတော်
၄:၁၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၀	၇။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၀	၈။	မြန်မာ့ရှုခင်း
၄:၅၀	၉။	ကြို့တင်တားဆီး ရန်သူမီး
၅:၁၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၅	၁၁။	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၄။	ဘဝကြေးမုံ
၆:၅၀	၁၅။	ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၆)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	ပဟေဠိနန်းတော်
	၂၂။	ကျန်းမာသုတ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင်ချစ်အိပ်မက်** (အပိုင်း-၁၇)
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၅၁)

မေ ၇ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၉၈ ဒသမ ၀၆
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၂၇
၃။	ရွှေ	တစ်အောင်စ	၁၄၉၅ ဒသမ ၆၀
၄။	ငွေ	တစ်အောင်စ	၃၅ ဒသမ ၆၄
၅။	ကြေး	တစ်အောင်စ	၃ ဒသမ ၉၅
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၀၁ ဒသမ ၀၀

မေ ၇ ရက် မြန်မာ့ရွှေဈေးကွက်

ရွှေ	တစ်ကျပ်သား(အခေါက်)	ကျပ် ၆၇၇၀၀၀

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် ရေးသားသည်

တရုတ်နိုင်ငံ ရှန်စီပြည်နယ်၌ ဘတ်စ်ကားမှောက်၊ ခြောက်ဦးသေဆုံး

ကျိုယန်း မေ ၇

တရုတ်နိုင်ငံ ရှန်စီပြည်နယ် အနောက်မြောက်ပိုင်းရှိ ယာဉ်သွားလမ်းတစ်လမ်းပေါ်တွင် ဘတ်စ်ကားတစ်စီး မေ ၆ ရက်က တိမ်းမှောက်ခဲ့သည်။ ထိုယာဉ်မှောက်မှုတွင် ခြောက်ဦးသေဆုံးကြောင်း၊ လူ ၄၀ ဒဏ်ရာရခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ဖန်စင်းမြို့ အလယ်တန်းကျောင်းတစ်ကျောင်းမှ ဆရာများနှင့် သူတို့၏မိသားစုများ အားလပ်ရက်ခရီးအဖြစ် ရှီအန်းမြို့တွင် ကျင်းပနေသည့် သစ်သီးဝလံပန်းမန်ပြပွဲသို့အသွား ယာဉ်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ဘိုကျိုမြို့နှင့် ရှီအန်းမြို့သို့သွားသည့် ကားလမ်းမပေါ်၌ နံနက် ၅နာရီခွဲခန့်တွင် ယာဉ်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ လူ ၄၆ ဦးလိုက်ပါလာသည့် ထိုဘတ်စ်ကားတိမ်းမှောက်မှုတွင် ကားဒရိုင်ဘာနှင့်ခရီးသည်တစ်ဦးမှာ နေရာတွင်ပင် သေဆုံးခဲ့သည်။ အသက်ရှင် ကျန်ရစ်သူ ၄၄ ဦးမှာ ထိခိုက် ဒဏ်ရာများကြောင့် ဒေသအနီးရှိ ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း၊ ဆေးရုံအရောက်တွင် လေးဦးထပ်မံသေဆုံးကြောင်း၊ ဒဏ်ရာရသူများတွင် ငါးဦး၏အခြေအနေမှာ စိုးရိမ်ဖွယ်ရှိကြောင်း သိရသည်။ ယင်းဘတ်စ်ကား တိမ်းမှောက်ရသည့်အကြောင်းအရင်းကို စုံစမ်းလျက်ရှိသည်။(အင်တာနက်)

ရည်ရိုးခုန်ကျော်ခဲ့သည့် မြင်းကြောင့် လူခုနစ်ဦး ဆေးရုံတင်ရ

ရိုန်နမ်ဘိုးလ် မေ ၇

သြစတြေးလျနိုင်ငံ ရိုန်နမ်ဘိုးလ်မြို့တွင် ကျင်းပသည့် စည်းရိုးခုန်မြင်းစီးပြိုင်ပွဲ၌ ခြံစည်းရိုးအမြင့်ကို ခုန်လိုက်သည့် မြင်းတစ်ကောင်သည် ပွဲကြည့်ပရိသတ်အပေါ် ကျခဲ့၍ ဒဏ်ရာရရှိကြသဖြင့် လူ ခုနစ်ဦး ဆေးရုံတင်ခဲ့ရသည်။

*မေ ၆ ရက်က ပြိုင်ပွဲကျင်းပနေစဉ် ဘန်နာစတန်ဟု အမည်ပေးထားသည့်မြင်းမှာ မြင်းစီးသမားမပါဘဲ ခုနစ်ပေအမြင့် အတားအဆီးကို ခုန်လွှားခဲ့ရာမှ လူအုပ်ပေါ်ကျခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)***

ဒဏ်ရာပြင်းထန်

*ဆေးရုံရောက်သူ ခုနစ်ဦးတွင် နှစ်နှစ်အရွယ် မိန်းကလေးတစ်ဦးမှာ ဒဏ်ရာအပြင်းထန်ဆုံးဖြစ်ပြီး ညှပ်ရိုးကျိုးသွားကြောင်း သိရသည်။ **(အင်တာနက်)***

ကရာချိမြို့ လောင်းကစားရုံ၌ ဗုံးပေါက်ကွဲ ငါးဦး သေဆုံး၊ ၁၈ဦး ဒဏ်ရာရ

အစ္စလမ္မာဘတ် မေ ၇

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မေ ၆ ရက် ညပိုင်းက ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ သေဆုံးသူ ငါးဦးရှိကြောင်း၊ ဒဏ်ရာရသူမှာ ၁၈ဦးအထိ ရှိခဲ့ကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ဖောက်ခွဲ

ပေါက်ကွဲမှုသည် ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးစက်မှုမြို့ဖြစ်သည့် ကရာချိမြို့ လာယာယီနယ်မြေတွင် ည ၉ နာရီ ၁၀မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သတင်းဖော်ပြချက်များအရ လောင်းကစားရုံပြင်ပရှိလူအုပ်အတွင်းသို့ လူတစ်ဦးက လက်ပစ်ဗုံးတစ်လုံး ပစ်သွင်းဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အခြားသတင်းတစ်ခုတွင် လူအုပ်အတွင်း လက်ပစ်ဗုံးနှစ်လုံးပစ်သွင်းဖောက်ခွဲခဲ့ခြင်းဟု ဖော်ပြထားသည်။

သေဆုံး

ဧပြီ ၂၁ ရက်ကလည်း ထိုမြို့အတွင်းရှိ အခြားလောင်းကစားရုံတစ်ရုံကို အမည်မသိလူတစ်စုက တိုက်ခိုက်ခဲ့၍ သေဆုံးသူ ၁၉ ဦးရှိပြီး လူပေါင်း ၄၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ (အင်တာနက်)

အဆင့်မြင့် ကျောက်မျက်ရတနာအချောထည်များ ထုတ်လုပ်ရောင်းချ အကျိုးအမြတ် ယခုထက်ပိုမိုရရှိနိုင်မည်

နေပြည်တော် မေ ၇

ကျောက်မျက်ရတနာထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာ့ကျောက်မျက်ရတနာများ စံချိန်တင်ရောင်းချနိုင်ခဲ့ပြီး ကျောက်မျက်ရတနာ ဈေးကွက်ကြီး ဖြစ်ထွန်းလာကြောင်းဖြင့် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က မေ ၆ရက် နံနက် ၁၀နာရီခွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မှာကြား

ဆက်လက်၍ ကျောက်မျက်ရတနာများ အလုံးထည်လိုက်ရောင်းချခြင်းသာမက အဆင့်မြင့် လက်ဝတ်ရတနာများ၊ တန်ဖိုးမြင့်အချောထည်များကိုပါ ထုတ်လုပ်ရောင်းချနိုင်ပါက ယခုထက်ပိုမို အကျိုးအမြတ်ရမည်ဖြစ်၍ ရည်မှန်းချက်ထားရှိဆောင်ရွက်သွားရန်၊ ကျောက်မျက်ရတနာများ တူးဖော်မှုကြောင့် ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင် အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အသင်း၏ လုပ်ငန်းတာဝန်များနှင့် ဖွဲ့စည်းထားရှိမှုတို့ကို တင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေစပါးစိုက်ခင်းများ မိုင်းဆတ်မြို့နယ်၌ အောင်မြင်ဖြစ်ထွန်း

မိုင်းဆတ် မေ ၇

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် မေ ၆ ရက် နံနက် ၁၀ နာရီက မိုင်းဆတ်မြို့ သီရိရတနာခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးကနယ်မြေဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် ဧပြီ ၁၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသောအမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း စာသင်ဆောင်ပြုပြင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရက လှူဒါန်းသည့် အလှူငွေ ကျပ် ၁၀ သိန်းကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်သန်းက ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံယူသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မိုင်းဆတ်မြို့ မယ်ဆွမ်(မြောက်)ရပ်ကွက်တောင်သူ ဦးဇော်ဝင်းမောင်၏ နွေစပါး ဧက ၁၀၀ အတွင်း နွေစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးကာ **(အပေါ်ယာပုံ)** လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ရည်မှန်းချက် ၁၄ ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မှာကြားဆွေးနွေးသည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် အမှတ် (၂) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိကာ လေပြင်းဒဏ်ကြောင့် ပျက်စီးသွားသည့် စာသင်ကျောင်းဆောင် ပြုပြင်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(ဝဖဝ)**

မေ ၆ရက်က ပြည်ထောင်စုရှေ့နေချုပ်၏ မှာကြားချက်များကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးကျော်မိုးနိုင်က တိုင်း၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

စက်ရုံလုပ်ငန်း ပြည့်ဝန်ထမ်း မြဲတမ်း မီးသတိပြု

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲစောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ် ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာအချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက "ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး" စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်အား ဗီယက်နမ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chu Cong Phung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၅ရက် မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ကုန်သွယ်မှုအခွင့်အလမ်းများနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၁ခုနှစ် မိုးရာသီ ဘဏ်ချေးငွေ ကွမ်းခြံကုန်းမြို့နယ်၌ ထုတ်ချေး

ကွမ်းခြံကုန်း မေ ၇

၂၀၁၁ခုနှစ် မိုးရာသီဘဏ်ချေးငွေ ထုတ်ချေးရန်အတွက် ညှိနှိုင်းအစည်းအဝေးကို မေ ၄ရက် နံနက် ၁၀ နာရီက ကွမ်းခြံကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲ၌ကျင်းပရာ မြို့နယ်ချေးငွေလုပ်ငန်း အကြံပေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်း**(အောက်ပုံ)**က အမှာစကား ပြောကြားပြီး မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးဝင်းမြင့်က ချေးငွေထုတ်ချေးရေးနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးသည်။

ထုတ်ချေး

ကွမ်းခြံကုန်းမြို့နယ်အတွင်း ၂၀၁၁ ခုနှစ် မိုးရာသီဘဏ်ချေးငွေကို ကျေးရွာအုပ်စု ၄၅အုပ်စုမှ တောင်သူလယ်သမားများအား တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဧက ၈၅၇၅၀အတွက် ငွေကျပ် သန်းပေါင်း ၁၇၁၅ သန်းကို မေ ၅ ရက်မှစတင်၍ ထုတ်ချေးလျက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်ကြောပြောင်းပြန်မောင်းသည့် ဒိန်းဒေါင်းယာဉ်တိုက်မိ ကျွန်းမာရေးမှူး သေဆုံးသွားရ

ပုသိမ် မေ ၇

မေ ၁ ရက် ည ၈ နာရီခန့်က ပုသိမ်မြို့နယ် သလပ်ခွာ ကွန်ကရစ်လမ်းမကြီးပေါ်၌ ယာဉ်ကြောပြောင်းပြန် မောင်းလာသော ဒိန်းဒေါင်းယာဉ်တိုက်မှုကြောင့် ကျေးလက်ကျန်းမာရေးမှူး ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁ ရက် ည ၈ နာရီခန့်က ပုသိမ်မြို့နယ် သဲဖြူကျေးရွာနေ သန်းဝင်း(ခ)စိုးအေးသည် ဒိန်းဒေါင်းယာဉ်ကို သလပ်ခွာမှ ငွေဆောင်သို့ မောင်းနှင်လာပြီး သလပ်ခွာ အုပ်ချုပ်ရေးမှူးရုံးရှေ့သို့အရောက် ဝဲဘက်ဈေးတန်းဘက်သို့ကပ်၍ ယာဉ်ကြောပြောင်းပြန်မောင်းနှင်လိုက်ရာ လမ်းဝဲဘက်ခြမ်း၌ ဆိုင်ကယ်ရေဆေးရန် ရပ်နေသော ဖျာပုံမြို့နယ် အမာမြို့ ဒေါင်ငြိမ်းကျေးရွာမှ ကျန်းမာရေးမှူး ဦးစောစိန်သောင်းအား ဝင်တိုက်မိပြီး ကျန်းမာရေးမှူးမှာ ကားဘီးဖြင့် ပေ ၂၀ကျော်အထိ ချိတ်ဆွဲပါသွားကာ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ယင်းအမှုနှင့်ပတ်သက်၍ သလပ်ခွာရဲစခန်းမှ ဆက်လက်အရေးယူထားကြောင်း သိရှိရသည်။ *(၀၇၇)*

ကွမ်းယာဆိုင်ဖန်းပြပြီး လောင်းကစားလုပ်သူကိုဖမ်းဆီး

တောင်တွင်းကြီး မေ ၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့တွင် ဧပြီ ၂၇ ရက် ညနေက တောင်တွင်းကြီး မြို့မရဲစခန်းမှ တာဝန်ကျ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ရွှေကြာအင်း(၁)ရပ်ကွက်မှ တာဝန်ရှိသူတို့သည် လောင်းကစားမှုများ ဖော်ထုတ်ဖမ်းဆီးရေးစီမံချက်အရ အပိုင်နယ်မြေအတွင်း သတင်းစုံစမ်းစဉ် ညနေ ၃ နာရီခွဲခန့်တွင် အုန်းတော (၂)ရပ်ကွက် ဘူတာပတ်လမ်းမကြီးဘေးရှိ ကိုစိန်ဝင်း၏ ကွမ်းယာဆိုင်၌ နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သက်ဆိုင်ရာ ရပ်ကွက် တာဝန်ရှိသူများနှင့်အတူ အဆိုပါ ကွမ်းယာဆိုင်အား ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီရောင်းချရာတွင်အသုံးပြုသည့် နှစ်လုံးထီဂဏန်းများ၊ငွေတန်ဖိုးများ ရေးသားထားသော စာရွက်များနှင့် ငွေစက္ကူရောရော ကျပ်၃၄၀၀၀တို့ကို တွေ့ရှိသဖြင့်သက်ဆိုင်ရာများရှေ့တွင်ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး တောင်တွင်းကြီး မြို့မရဲစခန်းက အရေးယူခဲ့ကြောင်း သိရှိရသည်။ *(၁၁၇)*

မြန်မာ့အလင်း မှုခင်းသတင်း

◆ ရှေ့ဖုံးမှ

သနပ်ပင်မြို့သို့ ရောက်ရှိချိန်တွင် မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးရဲကိုကိုက စီစဉ်ပေးသဖြင့် ဦးပိုင်အမှတ်(၁၈)၊ ကွင်းအမှတ်(၈၅၉-က) တွင် နွေစပါးစိုက်တောင်သူ ဦးစံရွှေဦး စိုက်ပျိုးထားသောစိုက်ခင်း၌ ခေတ်မီလယ်ယာသုံးစက်ကိရိယာ အသုံးပြုပြီး ရိတ်သိမ်းခြွေလှေ့နေမှုများကို သွားရောက် လေ့လာခွင့်ရခဲ့သည်။

"စတင်ထွန်ယက် စိုက်ပျိုးချိန်ကနေ ရိတ်သိမ်းချိန်အထိ ရက်ပေါင်း ၁၆၀ ဆို ရိတ်သိမ်းလို့ရပါပြီ"

ဦးစံရွှေဦး
နွေစပါးစိုက်တောင်သူ။

မြင့်မား

ရှေးဦးစွာ နွေစပါးစိုက်တောင်သူ ဦးစံရွှေဦးအား သတင်းအဖွဲ့က သိလိုသည်များ မေးမြန်းရာတွင် **"ဒီနှစ်နွေစပါး ၂၉ ဧကကို စိုက်ပါတယ်။ စိုက်ပျိုးရက်အနေနဲ့ စတင်ထွန်ယက်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ရက်ပေါင်း ၁၆၀ ဆို ရိတ်သိမ်းလို့ရပါပြီ။ စိုက်ပျိုးတဲ့စပါးကတော့ မနောသုခပါ။ စိုက်ပျိုးတဲ့အခါမှာ ပလတ်စတစ်ဆန်ခါပိုက် ပျိုးထောင်နည်းနဲ့တစ်ဧကမှာ မျိုးရှစ်ပြည်ကုန်ပါတယ်။ ဧက ၂၀ကို သုံးပေပေါင်ပျိုးနည်းနဲ့စိုက်တာ တစ်ဧကကို မျိုးတစ်တင်းနှုန်းကုန်ပါတယ်။ ကျန်ငါးဧကကိုတော့ တိုက်ရိုက်အစေ့ချ စိုက်ပျိုးတာ တစ်ဧက မျိုးနှစ်တင်းနှုန်းကုန်ပါတယ်။ ထွန်ယက်၊ ရိတ်သိမ်း၊ ခြွေလှေ့မှုတွေကို စက်စွမ်းအား တိုးမြှင့် အသုံးပြုလာနိုင်တာနဲ့အမျှ အချိန်ကုန်သက်သာပြီး ငွေကုန်လည်း သက်သာပါတယ်။ လူပင်ပန်းမှု သက်သာတာနဲ့အညီ သီးထပ်စွမ်းအားလည်း မြင့်မားလာပါတယ်။ ထွက်ရှိမှုအနေနဲ့ တစ်ဧက ၉၅ တင်းကနေ တင်း ၁၀၀ကြားလောက် ထွက်ရှိပါတယ်။ ကုန်ကျစရိတ်အနေနဲ့ တစ်ဧကကို ငွေကျပ်နှစ်သိန်းခန့် ကုန်ကျပြီး စပါးရောင်းချမှုအနေနဲ့ ပေါက်ဈေး စပါးတင်း ၁၀၀မှာ ငွေကျပ် ၃၅၀၀၀၀ ဝန်းကျင်ရောင်းရလို့ စီးပွားဖြစ်ကြပါတယ်။ ယခုလို နွေစပါးစိုက်ပျိုးအောင်မြင်မှုကိုလည်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေက ဧပြီလ ပထမအပတ်မှာ လာရောက် ကြည့်ရှုအားပေးသွားပါတယ်"** ဟု ပထမဦးစွာ ပြောကြားသွားသည်။

အဆိုပါ နွေစပါးစိုက်ခင်း လယ်မြေများတွင် နွေစပါးများကို ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီး အသုံးပြု၍ ရိတ်သိမ်းနေသည်ကို တွေ့ရသည်။ ယင်းစက်ကြီးသည် မြင်းကောင်ရေ ၈၀ ရှိ LOVOL ထွန်စက်နှင့် GULIAN ရိတ်ခြွေစက်နှစ်ခု ပေါင်းစပ်ထားသော စက်ယန္တရားကြီးဖြစ်ပြီး ယင်းစက်ကြီးမှာ တစ်နေ့လျှင် ၁၅ ဧက ရိတ်သိမ်းနိုင်ကြောင်း သိရှိရသည်။ တစ်ဧက တင်း ၁၀၀ နှုန်းခန့်ထွက်ကာ အလေအလွင့်နည်းပါးကြောင်း၊ စပါးပင်၏ ခြောက်လက်မအထက် ရိတ်သိမ်း၍ရကြောင်း သိရသည်။ တစ်ချိန်က စပါးခြွေလှေ့ရာတွင် နွားဖြင့်တလင်းတွင်ချ၍ နယ်ကြရသည်။ လူအားဖြင့်လည်း စပါးရိုက်ခြွေသည်ကို တွေ့ခဲ့ရဖူးသည်။ ယခုအခါ တောင်သူတို့အနေဖြင့် စပါးရိတ်သိမ်း ခြွေလှေ့စက်များ အသုံးပြုလာနိုင်ကြပြီ ဖြစ်သည်။ ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုခြင်းဖြင့် စပါးအလေအလွင့်နည်းပါးစေခြင်း၊ အချိန်တိုတို၊ ကုန်ကျစရိတ် နည်းပါးစွာဖြင့် ဆောင်ရွက်နိုင်ခြင်း၊ တလင်းပျောက်စနစ်ကို ဖော်ဆောင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း သိရသည်။

အသုံးပြုနိုင်

ထို့နောက် တောင်သူ ဦးစံရွှေဦး စိုက်ခင်းတွင် မြို့နယ် စိုက်ပျိုးရေး မန်နေဂျာ ဦးရဲကိုကိုက သတင်းအဖွဲ့ သိလိုသည်များကို ဆက်လက်ရှင်းပြသည်။ **"ကျွန်တော်တို့ မြို့နယ်မှာ ယခုနှစ် နွေစပါးဧက ၂၈၇၅၀ လျာထားခဲ့တဲ့အနက် ဧက ၂၈၇၈၀စိုက်ပျိုးနိုင်ခဲ့လို့ လျာထားဧကထက် ဧက ၃၀ ပိုမို တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးတဲ့ စပါးမျိုးတွေကတော့ မနောသုခ၊ဆင်းသွယ်လတ်၊ သီးထပ်**

မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးရဲကိုကိုက သတင်းအဖွဲ့ သိလိုသည်များကို ဤသို့ ရှင်းပြခဲ့သည်။

ရင်၊ ရတနာအောင်၊ ယာ(၂) ထွန်းမျိုးတွေဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့စိုက်ပျိုးရေးအတွက် အဓိက ရည်ရွယ်ချက်ကတော့ တောင်သူစိုက်တဲ့ သီးနှံတိုင်းမှာ အထွက်နှုန်းကောင်းဖို့၊ နည်းပညာတွေပေးဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်အောင် ရှာဖွေပေးဖို့ ဖြစ်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ စိုက်ပျိုးရေးဝန်ထမ်းတွေဟာ စိုက်ချိန်၊ ပျိုးချိန် ရာသီတိုင်းမှာ တောင်သူတွေအတွက် အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်။ မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးမှုကို ပဲခူး စစ်တောင်း တူးမြောင်းရေနဲ့ အဓိကအားပြုပြီး စိုက်ပျိုးနေပါတယ်။ ပဲခူးစစ်တောင်း တူးမြောင်းဟာ သနပ်ပင်မြို့နယ် ဧရိယာအတွင်း ၁၄ မိုင် ၄ ဖာလုံရှည်လျားစွာရှိနေပါတယ်။ တူးမြောင်းထဲကို မိုးယွန်းကြီး ရေလှောင်တမံကနေ ပို့လွှတ်လိုက်တဲ့ရေများ စီးဝင်နေပါတယ်။ နွေစပါး စိုက်ပျိုးဖို့အတွက် ရေကို အပြည့်အဝရရှိ ဖြန့်ဖြူး အသုံးပြုနိုင်ပါတယ်" ဟု ရှင်းပြသည်။

လေးစားဂုဏ်ယူမိ

သတင်းအဖွဲ့အနေဖြင့် စိုက်ကွက်၌ ဝင်းမှည့်နေသော နွေစပါးများကို စက်များဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုများ၊ ထွက်ရှိလာသော စပါးများကို ချိန်တွယ်လုပ်ကိုင်နေသူများအား တွေ့ရပြီး ၎င်းတို့၏ ပုံရိပ်များကို မြင်တွေ့ရသည်မှာ နိုင်ငံအတွက် စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန် တစ်ထောင့် တစ်နေရာက ကြိုးပမ်းဆောင်ရွက်နေသူများအဖြစ် လေးစားဂုဏ်ယူမိပါသည်။

ထိုမှတစ်ဆင့် သတင်းအဖွဲ့သည် သနပ်ပင်မြို့အနီးရှိ ထောင်မင်းစုကျေးရွာအုပ်စုပြွန်ပေါက်ရွာသို့စိုက်ပျိုးရေးအခြေအနေများ လေ့လာသိရှိနိုင်ရန် ဆက်လက်ထွက်ခွာခဲ့ရာ နေပူပူအောက်တွင် ပင်ပန်းသော်လည်း မောရမှန်းပင် မသိအောင်ရှိခဲ့ပါတော့သည်။ ။

နေပြည်တော် ကုန်စည်ပြပွဲ (၂၀၁၁) ၌ Haier လေအေးစက်များ ပါဝင်ပြသ

နေပြည်တော် မေ ၇

နေပြည်တော်ခရိုင် ဇမ္ဗူသီရိ မြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MICC)၌ မေ ၅ ရက်မှ ၈ ရက်အထိပြသလျက်ရှိသော နေပြည်တော်ကုန်စည်ပြပွဲ ၂၀၁၁၌ Five Oceans Co.,Ltd. မှ အဆင့်မြင့် Haier & Electronic ပြခန်း ပါဝင်ခင်းကျင်းပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

Haier အမှတ်တံဆိပ် LCD, LED,Air Con, အဝတ်လျှော်စက်၊ ရေခဲသေတ္တာအစရှိသော Electronic လူသုံးကုန်ပစ္စည်းများအား Five Oceans Co.,Ltd. မှ တင်သွင်း၍ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိရောင်းချပေးလျက်ရှိပြီး အဆိုပါ Air Con များတွင် (Healthy Negative Ions) စနစ်ပါဝင်ကာ သဘာဝ အမဓာတ်(-)အိုင်းယွန်း များပြားလုံလောက်စွာ အခန်းတွင်းပြည့်နှက်စေသဖြင့် ရေဓာတ်ခန်းခြောက်ခြင်း၊ အသားအရေ ခြောက်ကပ်ခြင်းများ မဖြစ်စေဘဲ အိမ်တွင်းမှာနေလျက်တောတောင်အရသာကို ခံစားစေနိုင်ကြောင်း သိရှိရသည်။

Haier အမှတ်တံဆိပ် Electronic Show Room များကို ၆၃/၆၄ ဗဟိုစည်အိမ်ရာ လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ မန္တလေးဈေးချိုပလာဇာ ၂၆ လမ်းနှင့် ၈၅ လမ်းထောင့် မန္တလေးနှင့် အမှတ် ၉၁ သီရိရတနာအဆင့်မြင့်ဈေး နေပြည်တော်တို့အပြင် အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများနှင့် ဖုန်း- ၀၉-၅၁၄၁၁၁၈၊ ၀၁-၂၂၂၉၆၉၊ ၀၁-၂၂၃၅၈၉ တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း **မှုခင်းသတင်း**

ပုသိမ် - ရန်ကုန် ကားလမ်း၌ ကားတိမ်းမှောက်မှုဖြစ်စဉ် နောက်ဆက်တွဲသတင်း ထပ်မံရရှိ

နေပြည်တော် မေ ၇

ဧပြီ ၁၇ ရက် ညနေ ၅ နာရီခန့်တွင် ရန်ကုန်မြို့ ၂၂ လမ်းနေ အောင်ကျော်သူ မောင်းနှင်သည့် ၈ဃ/....မော်တော်ယာဉ်သည် ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လာစဉ် မိုင်တိုင် ၂၀/၇ နှင့် ၂၁/၀ ကြားအရောက်၌ ကားရှေ့ညာဘက်ဘီး ပေါက်ပြီး သစ်ပင်ကို ဝင်တိုက်လိုက်ရာမှ လမ်းဘေးချောက်ထဲသို့ တိမ်းမှောက်ကျသွားခဲ့ကြောင်း ကနဦးသတင်းအဖြစ် ဧပြီ ၁၉ ရက်နေ့ထုတ် ဤသတင်းစာ စာမျက်နှာ ၁၁၌ ဖော်ပြခဲ့ပါသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပုသိမ်မြို့ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ ထပ်မံသတင်းပေးပို့ချက်များအရ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်နေ ယာဉ်မောင်း အောင်ကိုလေး မောင်းနှင်သည့် လိုက်ထရပ်အဖြူရောင်ယာဉ်သည် ဧပြီ ၁၇ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင် ၂၀/၇ နှင့် ၂၁/၀ ကြား၌ ယာဉ်မောင်း အောင်ကျော်သူ မောင်းနှင်သော တောင်းအေ့စ်ယာဉ်အား နောက်မှကျော်တက်စဉ် လိုက်ထရပ်ယာဉ် နောက်ပိုင်းဖြင့် တောင်းအေ့စ်ယာဉ်၏ ဝဲဘက်အခြမ်းအား ရိုက်မိသဖြင့် တောင်းအေ့စ်ယာဉ်မှာ လမ်းဘေးသို့ထိုးကျကာ သစ်ပင်နှင့်တိုက်မိပြီး ယာဉ်ပေါ်ပါ တစ်ဦးသေဆုံးကာ ခြောက်ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကျိုက်လတ်မြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မေ ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ထွန်းရီနှင့် ဈေးကော်မတီဥက္ကဋ္ဌ ဦးဝင်းငွေးတို့ ဈေးအတွင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် သီရိရွှေသာဈေး မီးဘေးကာကွယ်ရေးအတွက် ဧပြီ ၄ရက်က ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြလေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးငွေးလွင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက်က ကျိုင်းတုံမြို့နယ် စည်ပင်သာယာခန်းမ၌ ကျင်းပရာ မီးကာဝတ်စုံဖြင့် မီးအတွင်းဖြတ်သန်း မီးငြိမ်းသတ်ခြင်း သရုပ်ပြစဉ်။ (ပြည်နယ် ပြန်/ဆက်)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကူမဲဈေးကြီးအတွင်း မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ခြင်းကို မေ ၂ ရက်က မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မေ ၃ရက်က ပေါင်မြို့နယ် မင်္ဂလာဈေးအတွင်း မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ငွေး အမှုဆောင်အရာရှိ ဦးကျော်လှနှင့် ဈေးလုံခြုံမှုအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်း

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၌ဖွင့်

နေပြည်တော် မေ ၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်း အမှတ်စဉ် (၂/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး သင်တန်းခန်းမ e-Learning Centre ၌ သင်ကြားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပို့ချပေးမည်

အဆိုပါ ရုံးလုပ်ငန်း အထောက်အကူပြု ကွန်ပျူတာသင်တန်းသည် ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာ Application နှင့် Networking အခြေခံသင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည် ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည် ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

❐ *ရှေ့ဖုံးမှ*

ကြည့်ရှု

အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် မေ ၆ ရက် ညနေပိုင်းတွင် အဆိုပါ ရေအားလျှပ်စစ် စီမံကိန်းသို့ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းခွင်၌ စက်အမှတ်(၁)နှင့် စက်အမှတ်(၂)တို့အား Turbine , Rotor Shaft နှင့် Runner Shaft တပ်ဆင်ပြီးစီးမှု၊ စက်အမှတ်(၃) အား Runner & Turbine Shaft တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ Decoration Work လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဖိအားမြင့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေး

ထို့နောက် တမံအတွင်း ရေဝင်ရောက်နေမှုနှင့်ပင်မတမံတည်ဆောက်ပြီးစီးမှု၊ ရေယူအဆောက်အအုံ၊ ရေထိန်းမျှော်စင်နှင့် ရေပိုလွှဲလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဖိအားနိမ့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေလျှံထိန်းစည်တည်ဆောက်ပြီးစီးမှု ဆွဒ်ယာဒ်နှင့် ထရန်စဖော်မာယာဒ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်တွင် အမှတ်(၃)ရပ်ကွက် လမ်းသစ်လမ်း၌ လမ်းဘေးဝဲ၊ယာ ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများစုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သားသမီးအပေါ် မေတ္တာထား

ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား

“ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၁၁”

၂၀၁၁-ခုနှစ်၊ မေလ ၁၄ ရက် (စနေနေ့) (ပထမအကြိမ်)

၂၀၁၁-ခုနှစ်၊ ဇွန်လ ၁၁ ရက် (စနေနေ့) (ဒုတိယအကြိမ်)

နေပြည်တော်(၈)မြို့နယ်၊ ကယားပြည်နယ်(၄)မြို့နယ်၊ ကရင်ပြည်နယ်(၇)မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(၁၂)မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(၁၆)မြို့နယ်၊ မကွေးတိုင်းဒေသကြီး (၁၃)မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(၂၈)မြို့နယ်၊ မွန်ပြည်နယ်(၁၀)မြို့နယ်၊ ရခိုင်ပြည်နယ်(၁၁)မြို့နယ်၊ ရှမ်းပြည်နယ်(၁၇)မြို့နယ်

အသက် ၅ နှစ်အောက် ကလေးငယ်များအားလုံး

ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့

၂၀၁၁ခုနှစ် (၁၆)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (မြန်မာဂေါက်ကလပ်)

(၁၆)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာဂေါက်သီးရိုက်အသင်းက ကျင်းပသော ၂၀၁၁ခုနှစ် (၁၆)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်း ၉ မိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးအောင်ဖေက ပြိုင်ပွဲအတွက် ဆုများနှင့် အလှူငွေများကို ကူညီပံ့ပိုးခဲ့ကြသော အလှူရှင်များ ကိုယ်စား ဦးညွှန့်ဟန် (Director) Han Golf Masters Pte., Ltd. ထံ ဂုဏ်ပြု မှတ်တမ်းလွှာများကို ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးဝင်း (ငြိမ်း)နှင့် အမှုဆောင်အဖွဲ့ဝင်များက အမျိုးသမီးအသက် (၁၀-၁၈)နှစ် သက်တန်းပြိုင်ပွဲ၊ အသက်(၁၀-၁၂)နှစ် အတန်းပြိုင်ပွဲ၊ အသက်(၁၃-၁၅) နှစ် အတန်းပြိုင်ပွဲနှင့် အသက်(၁၆-၂၀)နှစ် အတန်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

တာဝန်ယူ

၂၀၁၁ခုနှစ် (၁၆)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် Han Golf Masters Pte., Ltd. က ဆုဖလားများနှင့် ဆုပစ္စည်းများ၊ KM Golf Centre, Standard House Golf, Double Eagle Golf Co., Ltd. တို့က ဂေါက်သီးရိုက်ပစ္စည်းများနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ပြိုင်ပွဲအတွက် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးခဲ့ကြကာ ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် မြန်မာဂေါက်သီးရိုက်အသင်းနှင့် Han Events Management တို့က တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၇

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဝင်းခနိမ်ကျေးရွာနေ ဦးမွတ်တား အသက် ၃၃ နှစ်သည် ငါးရှာသွားရောက်စဉ် မေ ၅ ရက် ညနေ ၃ နာရီခန့်တွင် ရွာ၏အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ ဥပုတ်ချောင်းအနီး၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဘယ်ဒူးအောက်မှပြတ်ဒဏ်ရာ ရရှိခဲ့သဖြင့် တာဝန်ရှိသူများက ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီးတွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၈ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၈ ရက်ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဟသ်ာတမြို့၌ မီးလောင်မှုဖြစ်ပွား

ဟသ်ာတ မေ ၇

ဟသ်ာတမြို့ သုံးပင်ကွင်းရပ်ကွက် မြရပ်ကွက်(၁)လမ်းတွင် မေ ၇ ရက် နံနက် ၁ နာရီက မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။ မြရပ်ကွက်(၁)လမ်းတွင် ကွမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သော ဦးဝင်းထွဋ်နေအိမ်မှ စတင်မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်လေးလုံးဆုံးရှုံးခဲ့သည်။ မီးလောင်ရာသို့ ဟသ်ာတခရိုင် အုပ်ချုပ်ရေးမှူး ဦးလှဝေနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်လေးစီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးမှာ ၁ နာရီ ၄၀ မိနစ်ခန့်တွင် လုံးဝငြိမ်းသွားသည်။

မီးလောင်ခံရသော အိမ်ထောင်စုများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်နှင့် ဌာနဆိုင်ရာများမှ ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းဆောင်ရွက်လျက်ရှိပြီး စတင် မီးလောင်မှုဖြစ်ပွားသော မြရပ်ကွက်(၁)လမ်း ကွမ်းရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းထွဋ်အား ဟသ်ာတမြို့နယ် အမှတ်(၁)ရဲစခန်းမှ စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၇၅)

ကမ္ဘာ့ကြက်ခြေနီနေ့

၂၀၁၁ ခုနှစ်၊ မေလ (၈) ရက်

World Red Cross Day

8th May, 2011

" VOLUNTEERISM"

"စေတနာရှင်စိတ်ထား သင့်ရင်ထဲမှာပွား"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပ

နေပြည်တော် မေ ၇

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ စစ်တွေမီးသတ်စခန်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရခိုင်ပြည်နယ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အတွင်း မီးသတ်စခန်း သန့်ရှင်းသာယာရေး ပထမဆုရ သံတွဲမြို့နယ် မီးသတ်စခန်းအား ဒိုင်းဆု ပေးအပ်ချီးမြှင့်ပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးဘေးကာကွယ်ရေးနှင့် မီးသတ်စွမ်းရည် သရုပ်ပြမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး

အလားတူ (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက စခန်းသာယာလှပရေးဆု၊ မီးသတ်စွမ်းရည်ပြိုင်ပွဲဆုနှင့် သင်တန်းထူးချွန်ဆု ရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်ဖွဲ့ဝင်များက သရုပ်ပြစင်မှ အသက်ကယ် သရုပ်ပြသခြင်း၊ မီးသတ်သရုပ်ပြသခြင်း၊ မီးငြိမ်းသတ်နည်းများကို အခြေခံ၍ ဆေးရောင်စုံဖြင့် ရေပက်အလှပြခြင်းတို့ကို ပြသကြသည်။

မကွေးတိုင်းဒေသကြီး

ထို့အတူ (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မကွေးမြို့ မကွေးခရိုင် အားကစားကွင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အကောင်းဆုံး မီးသတ်စခန်းဆု ရရှိသည့် ရေစကြိုမြို့နယ် မီးသတ်စခန်း၊ လက်နက်မဲ့ စစ်ရေးပြစွမ်းရည်အကောင်းဆုံးဆုရ မကွေးမြို့ မြင်သာရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့၊ မီးသတ်စွမ်းရည်ပြိုင်ပွဲ မီးသတ်စက် လေ့ကျင့်ခန်း အကောင်းဆုံးဆုရ မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

လက်တွေ့ပြသ

ယင်းနောက် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ရဲဘော်၊ ရဲမေများက အသက်ကယ် သရုပ်ပြကွက်များနှင့် မီးငြိမ်းသတ်မှု သရုပ်ပြကွက်များကို လက်တွေ့ပြသကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာတိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ၌ စိန်ဘယက်ဆေးတိုက်ထုတ် ဆေးဝါးများပါဝင်ပြသ

ရန်ကုန် မေ ၇

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ပြခန်း၌ မြန်မာတိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ ၂၀၁၁ကို မေ ၅ရက်မှ ၉ရက်အထိ ပြသလျက်ရှိရာ သမားစဉ်ဆက် ဆေးစွမ်းထက်မြက်သည့် စိန်ဘယက်ဆေးတိုက်မှ ထုတ်လုပ်သော ဆေးကောင်းများ ပါဝင်ခင်းကျင်း ပြသလျက်ရှိသည်။ **(အောက်ပုံ)**

ထုတ်လုပ်

စိန်ဘယက်ဆေးတိုက်မှ အစာမကြေ လေတက်သူများအတွက် လေကွဲဆေး၊ ဖျားနာသူများအတွက် ငန်းနီကျော်၊ အစားမှားသူများအတွက် တစ်သုံးလုံး အဖြေကျော်၊ ချွဲသလိပ်ကပ်သူများအတွက် နွေမိုးဆောင်း ချွဲသလိပ်ကျေ မက်လင်ချဉ်လျက်ဆား၊ အကြောပြေဒဏ်ကျေလိုသူများအတွက် ဆင်ဖြူတော် အကြောပြေဒဏ်ကြေ လိမ်းဆေး၊ အကြောပြေ သောက်ဆေးပြား၊ ရှူဆေး၊ မူးမောရင်တုန်တတ်သူများအတွက် ရွှေပျားကောင် နှလုံးသည်းခြေဆေး၊ ထုံကျဉ်ကိုက်ခဲ၊ လေငန်းကာကွယ်လိုသူများအတွက် ဂမုန်းရှင် လေငန်းကာကွယ်ဆေး၊ ချောင်းဆိုး ရင်ကျပ်သူများအတွက် ရွှေလေးညှင်းဆေးများ ထုတ်လုပ်လျက်ရှိသည်။

စိန်ဘယက်တိုင်းရင်းဆေးတိုက်မှ ဆရာဦးကြည်လင်း-ဒေါ်ချိုချိုမာတို့က "အဘိုးသမားတော်ကြီး ဆရာမြိုင်ကိုယ်တိုင် ဝေဒနာရှင်များကို ကုသပေးခဲ့တဲ့ ဆေးစွမ်းကောင်းတွေပါ၊ ၁၉၇၈ ခုနှစ်ကတည်းက သိပ္ပံနည်းကျ ပြန်လည်ဖော်ထုတ်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

ဝယ်ယူနိုင်

ဖော်ပြပါ ပစ္စည်းများအား ဝယ်ယူလိုသူများအတွက် ပင်ရင်းဆေးတိုက် ၁၃၉ ညောင်ဝိုင်း ၁၃ လမ်း ပဲခူးမြို့ ဖုန်း-၀၅၂-၂၂၇၂၉၊ ၂၃၀၀၄ နှင့် အမြို့မြို့ရှိ ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စာအုပ်စာပေ

လူ့မိတ်ဆွေ

စာချစ်သူများအတွက် မီဒီယာကော်နာ

တက္ကသိုလ်သဉ်

ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမဆောင်၌ မေလ ၂ ရက်နေ့က ကျင်းပခဲ့သည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မီဒီယာကော်နာဆိုင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားခဲ့သည်။

ထိုသို့ ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက **"ယနေ့သည် မင်္ဂလာရှိသည့်နေ့ဖြစ်ကြောင်း၊ မီဒီယာကော်နာဆိုင်များ ဖွင့်လှစ်နိုင်ခြင်းဖြင့် ပြည်သူများ စာပိုမိုဖတ်လာနိုင်မှာဖြစ်ကြောင်း၊ ပြည်သူများသည် လူမှုကိစ္စများဖြင့် လှုပ်ရှားသွားလာနေကြရကြောင်း၊ သင့်လျော်သည့်နေရာအချို့တွင် ဖွင့်လှစ်ထားသော မီဒီယာကော်နာဆိုင်ခန်းများ၌ စာအုပ်စာပေများကို လက်လှမ်းတမီ ဝယ်ယူဖတ်ရှုနိုင်ကြမည် ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက -

"မီဒီယာကော်နာ (Media Corner) သို့မဟုတ် Book Corner ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ သမိုင်းမှတ်တိုင် (Milestone) ပင်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ၏ Standard ပင်ဖြစ်ကြောင်း" ပြောကြားပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက -

"မီဒီယာကော်နာဆိုင်များကို သင့်လျော်သည့်နေရာများတွင် ဖွင့်လှစ်နိုင်အောင် ဆက်လက်ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့အပြင် အခြားမြို့ကြီးများတွင်လည်း ဆက်လက်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မီဒီယာကော်နာဆိုင်များ များများ အကောင်အထည်ဖော်နိုင်လေ စာဖတ်သူများ စာပေဖတ်ရှုနိုင်မှု အခွင့်အလမ်း ပိုမိုများပြားလာလေ ဖြစ်မည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများအတွက်လည်း စာပေဖတ်ရှုလေ့လာမှု ကျယ်ပြန့်လာအောင် ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် "စာအုပ်စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရန်" ဟူ၍ အဖွဲ့ကြီး၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တွင် ရေးမဆွကပင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ထို့အပြင် စာအုပ်စာစောင်များ စာဖတ်ပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနိုင်ရေးအတွက် ဖြန့်ချိရေးကွန်ရက်ကို ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ခဲ့ပါ၏။

ထိုသို့ ဆောင်ရွက်ရင်း အိမ်နီးချင်းနိုင်ငံအချို့တွင် လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည့် မီဒီယာကော်နာဆိုင်များကို ကိုယ်တိုင်ကိုယ်ကျ လေ့လာခဲ့ကြပြီး ရန်ကုန်မြို့တွင် ရှေ့ပြေးစမ်းသပ်အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ကြ၏။ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနသို့ စီမံချက်ရေးဆွဲတင်ပြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တင်ပြခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ကူညီပံ့ပိုးမှုဖြင့် မီဒီယာကော်နာဆိုင်ခန်းများ ဖွင့်လှစ်နိုင်ရန် အစပျိုးခဲ့၏။ မီဒီယာကော်နာဆိုင်ခန်း ဖွင့်လှစ်လိုသူများထံမှ လျှောက်လွှာများခေါ်ယူခဲ့၏။ တင်သွင်းလာသော တင်ဒါအဆိုပြုလွှာများကို မီဒီယာကော်နာ စီမံကြီးကြပ်ရေးကော်မတီက စနစ်တကျ စိစစ်ရွေးချယ်ခဲ့၏။ ဆိုင်ခန်းအတွက် သင့်တင့်သော ကျသင့်ငွေကို ဆိုင်ခန်းငှားရမ်းသူများအား ပေးသွင်းစေပြီး အဖွဲ့ကြီးက တာဝန်ယူဆောက်လုပ်ပေးခဲ့၏။

လောလောဆယ် အဖွဲ့ကြီးက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ဆိုင်ခန်းပေါင်း ၁၆ ခန်းရှိသည်။ ပုဇွန်တောင်မြို့နယ်တွင် တစ်ခန်း၊ ဗိုလ်တထောင်မြို့နယ်တွင် သုံးခန်း၊ ကျောက်တံတားမြို့နယ်တွင် ငါးခန်း၊ ပန်းဘဲတန်းမြို့နယ်တွင် နှစ်ခန်း၊ လသာမြို့နယ်တွင် တစ်ခန်းနှင့် လမ်းမတော်မြို့နယ်တွင် လေးခန်းတို့ဖြစ်ကြသည်။

ဆိုင်ခန်းငှားရမ်းသူများသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်ဖြစ်ရမည်ဟု သတ်မှတ်ထားခြင်းဖြင့် "စာပေလောကသားများ၏ တရားသဖြင့် ရသင့်ရထိုက်သည့်အခွင့်အရေးများကို တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်" ဟူသော အဖွဲ့ကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ပါ၏။

မီဒီယာကော်နာဆိုင်များ၏ ထူးခြားချက်မှာ စာအုပ် စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာအပါအဝင် မီဒီယာနှင့် သက်ဆိုင်သည်များကို ဦးစားပေးရောင်းချရန်သာဖြစ်ပြီး စီးကရက်၊ အရက်နှင့် စားသောက်ကုန်များကို ရောင်းချခြင်းမပြုရန် တားမြစ်ထားပါသည်။ ဆိုင်ခန်းများအတွက် အခြားလိုအပ်ချက်များကို ဆိုင်ခန်းငှားရမ်းသူများနှင့် မီဒီယာကော်နာ စီမံကြီးကြပ်ရေးကော်မတီတို့ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိသဖြင့် အခက်အခဲများ ပြောပလောက်ဖွယ် မရှိနိုင်ပေ။

ရန်ကုန်မြို့လယ် ခေါက်မြို့နယ်တွင် ဖွင့်လှစ်မည့် မီဒီယာကော်နာဆိုင်ခန်းများ၏ အခြေအနေကို လေ့လာပြီး ရန်ကုန်မြို့ရှိ ကျန်မြို့နယ်များတွင် တိုးချဲ့ဖွင့်လှစ်သွားရန် စီမံဆောင်ရွက်ထားပြီးဖြစ်သည်။ ထိုနည်းတူစွာ မန္တလေးမြို့တွင်လည်း ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့ထံ တင်ပြညှိနှိုင်းပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် "အဖွဲ့ကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ပုံနှိပ်လုပ်ငန်း၊ စာအုပ်ဆိုင်လုပ်ငန်းနှင့် ထုတ်ဝေဖြန့်ချိရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်" အခြေခံစည်းမျဉ်းတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ အဖွဲ့ကြီး၏ ရန်ပုံငွေ တိုးတက်ရရှိရေးအတွက် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မည်သို့ရှိစေ ကျွန်တော်တို့သည် ပြည်ထောင်စုဝန်ကြီး မှာကြားသကဲ့သို့ **"မီဒီယာကော်နာဆိုင်များ အကောင်အထည်ဖော်နိုင်လေ၊ စာဖတ်သူ ပိုများလာလေ" ဟူသော လမ်းညွှန်ချက်ကို ထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် စာဖတ်သူတိုးပွားရေးနှင့် စာဖတ်ရှုမှုမြှင့်တင်ရေးကို ဧကန်မုချ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သက်တမ်းတစ်လျှောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် မီဒီယာကော်နာဆိုင်များ စတင်ဖွင့်လှစ်နိုင်ခြင်းသည် အဖွဲ့ကြီးအတွက် ထူးခြားသော သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူလိုက်နိုင်ခြင်းပင်ဖြစ်ပါ၏။**

စာပေချစ်မြတ်နိုးသူများအပါအဝင် စာပေလောကသားများအတွက် လိုအပ်ချက်ကို ယခုဖွင့်လှစ်လိုက်သည့် မီဒီယာကော်နာဆိုင်များက ဖြည့်ဆည်းပေးလိုက်နိုင်သဖြင့် အမျိုးသားအကျိုးစီးပွားကို လိုလားသူတိုင်း ကြိုဆိုကြလိမ့်မည်ဟု ယုံကြည်မိပါ၏။ ။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် "စာအုပ်စာပေနှင့် စာနယ်ဇင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်" ဟူ၍ အဖွဲ့ကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တွင် ရေးမဆွကပင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ထို့အပြင် စာအုပ်စာစောင်များ စာဖတ်ပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနိုင်ရေးအတွက် ဖြန့်ချိရေးကွန်ရက်ကို ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ခဲ့ပါ၏။

မြန်မာ့အလင်း နိုင်ငံတကာ အားကစားဖောင်ပိတ်သတင်း

မန်စီးတီးတို့ ရှုံးပွဲကြုံ၊ ဆန်းဒါးလန်းအဝေးကွင်း၌ နိုင်ပွဲရ

➤ အာကာဟိန်း-ရေးသားသည် ⮜

လန်ဒန် မေ ၇

ပရီမီယာလိဂ်ပွဲစဉ် (၃၆)ကို မေ ၇ ရက်က ယှဉ်ပြိုင်ကစားရာ အဲဗာတန်နှင့် မန်စီးတီးတို့ပွဲတွင် အဲဗာတန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆန်းဒါးလန်း၊ နယူးကာဆယ်တို့လည်း နိုင်ပွဲများရရှိခဲ့ကြသည်။

အဲဗာတန်ကွင်း၌ ကစားရသော မန်စီးတီးတို့ ပွဲချိန် ၂၈ မိနစ်၌ ယာယာတိုရေး**(အပေါ်လယ်ပုံ)**က ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ပထမပိုင်းပွဲချိန်၌ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ သို့သော် ဒုတိယပိုင်း ၆၆ မိနစ်၌ အဲဗာတန်မှ ဒစ်စတင်က ချေပဂိုးပြန်သွင်းခဲ့သည်။ အဲဗာတန်အတွက် အနိုင်ဂိုးကို ၇၂ မိနစ်၌ အော့စမန်က သွင်းယူပေးခဲ့သဖြင့် အဲဗာတန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘော်လ်တန်နှင့် ဆန်းဒါးလန်းတို့ပွဲတွင် ဆန်းဒါးလန်းအတွက် ဇင်ဒန်းက ၄၅ မိနစ်၌ ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ ပွဲချိန် ၈၇ မိနစ်၌ ဘော်လ်တန်မှ ကလာစနစ်က ချေပဂိုး သွင်းယူပေးခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀၌ ဘော်လ်တန်မှ ဇက်နိုက်က ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် ဆန်းဒါးလန်းတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်

ဗီလာ	၁-၁	ဝီဂန်
နယူးကာဆယ်	၂-၁	ဘာမင်ဂမ်
ဝက်စ်ဟမ်း	၁-၁	ဘလက်ဘန်း
စပါး	၁-၁	ဘလက်ပူးလ်

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ **အဂ္ဂိဇယမင်္ဂလာ** (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
- ၈း၁၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၂၅ ၈။ အကပြိုင်ပွဲ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၄၀)
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ မြန်မာရုပ်ရှင် **ကိုယ်ရယ်၊ တိုးရယ်၊ စိုးစိုးရယ်** ညွန့်ဝင်း၊ ခင်သန်းနု၊ သန်းထွဋ်၊ ပုလဲ (ဒါရိုက်တာ-ဦးတင်မောင်)
- ၁၄း၃၅ ၇။ အတီးပြိုင်ပွဲ
- ၁၄း၅၀ ၈။ International News
- ၁၅း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၃၀ ၄။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၅ ၇။ **ကမ္ဘာ့ကြက်ခြေနီများနေ့တေးများ**
- ၅း၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၁၈)
- ၆း၄၀ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **သက်ပိုင်စိုးသူ** မိုးထက်ပိုင်၊ ကေကေမိုးမြင့် (ဒါရိုက်တာ-လင်းထွဋ်မောင်)
- ၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၉)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** ဒုတိယတွဲ (အပိုင်း-၁၂)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၄)

မြန်မာ့အလင်း နိုင်ငံတကာ ဖောင်ပိတ်သတင်း

အင်ဒိုနီးရှားလေယာဉ် ပင်လယ်တွင်းပျက်ကျ လိုက်ပါသွားသူ ၂၇ ဦးစလုံး သေဆုံး

ဂျကာတာ မေ ၇

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါဒေသ ပင်လယ်ပြင်ထဲသို့ မေ ၇ ရက်က လေယာဉ်တစ်စင်း ပျက်ကျသဖြင့် လေယာဉ်ဝန်ထမ်းများ အပါအဝင် လိုက်ပါလာသူ ၂၇ ဦးစလုံး သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တွေ့ရှိ

အဆိုပါ လေယာဉ်ပျက်ကျခဲ့ပြီးနောက် သေဆုံးသူ ၁၅ ဦး၏ ရုပ်အလောင်းများကို ပြန်လည်တွေ့ရှိခဲ့ကြောင်း ပါပူဝါရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံးမှ ကယ်ဆယ်ရေးအဖွဲ့ဝင် အာရီဖင်းက ဆင်ဟွာသို့ ပြောကြားသည်။

ပြောကြား

၄င်းလေယာဉ်သည် မာပါတီလေကြောင်းလိုင်းမှ လေယာဉ်ဖြစ်ပြီး ဆိုရောင်းမြို့မှ ကိုင်မာနာနှင့် နာဘီရီမြို့များသို့အသွား ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ၄င်းကပြောကြားသည်။

ပျက်ကျခဲ့

လေယာဉ်သည် ကိုင်မာနာလေဆိပ်သို့မဆင်းသက်မီ လေယာဉ်ပြေးလမ်းမှ မီတာ ၅၀၀ ခန့်အကွာတွင် ပင်လယ်အတွင်း ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား ပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘန်းဘန်းအီဗန်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မာပါတီလေကြောင်းပိုင် ခရီးသည်တင် လေယာဉ်တစ်စင်းကို ဝေဟင်၌ တွေ့ရစဉ်။

နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ

ပေါ့ပ်အဆိုတော်ဂျပ်စတင်းဘီဘာ ပထမဆုံး ဝက်ဘ်ဘိုင်ဂီတဆုဆွတ်ခူး

လော့စ်အိန်ဂျလိစ် မေ ၇

ပေါ့ပ်စတားဂျပ်စတင်းဘီဘာသည် မေ ၄ ရက်ကပထမဆုံးဝက်ဘ်ဘိုင်ဆုဆွတ်ခူးရရှိသွားသည်။ ယင်းဆုသည် အင်တာနက်ဝက်ဘ်ဆိုက်ပေါ်တွင် ထုတ်လွှင့်ခဲ့သည့် တေးသီချင်းများအနက် အကောင်းဆုံးဆုအဖြစ် ရွေးချယ်ပေးသည့်ဆု ဖြစ်သည်။

အဆိုတော် ကိုမီဒီယန်နှင့် The Hangover တေးအယ်လ်ဘမ်ဖြင့် အောင်မြင်ကျော်ကြားနေသည့် ဂျက်လီဖီယန်နာစကစ်တို့က တစ်ဦးချင်းဆု အများဆုံး ဆွတ်ခူးသွားခဲ့ကြသည်။ ယင်းတို့နှစ်ဦးသည် ဝဲလ်ဖာရီလ်နှင့် အဒမ်မက်ဘေးတို့ တည်ထောင်ထားသည့် Website Funny or Die ဝက်ဘ်ဆိုက်တွင် ထုတ်လွှင့်ထားသည့် Between Two Ferns with Zach Galifi-anakis တေးစီးရီးများဖြင့် ဆုရှစ်ဆု ဆွတ်ခူးသွားခဲ့သည်။ (ဝဲပုံ)

ဆွတ်ခူး

ဝက်ဘ်ဘိုင်ဆု (Webby Award) များ ချီးမြှင့်ပေးရာတွင် ဂုဏ်ပြုပေးအပ်သည့် ဆုနှစ်ဆုပါဝင်သည်။ ယင်းတို့မှာ နိုင်ငံတကာဒစ်ဂျစ်တယ်ဝိဇ္ဇာနှင့်သိပ္ပံအကယ်ဒမီကပေးအပ်သည့် ဝက်ဘ်ဆိုက်ဆုနှင့် ပြည်သူများက ရွေးချယ်ပေးသော People's Voice Award (ပြည်သူ့အသံဆု) တို့ဖြစ်သည်။ ကနေဒါ အဆိုတော်ဂျပ်စတင်းဘီဘာသည် Justin Bieber Takes Over Funny or Die ဇာတ်မြူး ဗီဒီယိုသီချင်းခွေဖြင့် ပြည်သူ့အသံဆု ဆွတ်ခူးရရှိခဲ့သည်။ အဆိုပါ ဝက်ဘ်ဘိုင်ဆုသည် (၁၅) ကြိမ်မြောက် ဝက်ဘ်ဘိုင်ဆု ဖြစ်ပြီး ဆုရရှိကြသူများအား လာမည့် ဇွန် ၃ ရက်တွင် နယူးယောက်မြို့၌ ဂုဏ်ပြုအခမ်းအနားဖြင့် ဆုများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။(အင်တာနက်)

ကောင်းမြတ်သူ စုစည်းသည်

Songs For Japan တေးအယ်လ်ဘမ် လျှောင်ရန်ပုံငွေ ဒေါ်လာငါးသန်းရ ရှိ

တိုကျို မေ ၇

အဆိုတော် လေဒီဂါဂါ၊ ဘော့ဒိုင်းလန်နှင့် မက်ဒေါနားတို့ ပါဝင်သီဆိုပေးထားသော ဂျပန်ငလျင်နှင့် ဆူနာမီဒုက္ခသည်များအတွက် သီဆိုထားသည့် Songs For Japan အမည်ရှိ ရန်ပုံငွေ တေးအယ်လ်ဘမ်သည် အမေရိကန် ဒေါ်လာ ငါးသန်းရရှိကြောင်း ဂီတအဖွဲ့ဝင်များက ပြောကြားသည်။

ရောင်းချ

အဆိုပါတေးအယ်လ်ဘမ်ကို ကမ္ဘာ့အကြီးဆုံး တေးသံသွင်းကုမ္ပဏီကြီးများက ပူးပေါင်းဆောင်ရွက်ခဲ့ပြီး လွန်ခဲ့သောလက ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ၄င်း Songs For Japan တေးအယ်လ်ဘမ်ကို iTunes တေးဖြန့်ချိရေးတွင် မတ် ၂၅ ရက်မှ ဧပြီ ၄ ရက်အထိ CD အဖြစ်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ယခုအထိ တေးအယ်လ်ဘမ်ကော်ပီပေါင်း ငါးသိန်းကျော်ရောင်းချခဲ့ရပြီး ဂျပန်ကြက်ခြေနီအဖွဲ့က ရန်ပုံငွေအဖြစ် အမေရိကန် ဒေါ်လာ ငါးသန်းရရှိခဲ့သည်ဟု ဆိုသည်။ (အပေါ်ပုံ)

ပါဝင်

အဆိုပါတေးအယ်လ်ဘမ်တွင် အဆိုတော် ဂျွန်လင်နွန်၏ imag-ine၊ အယ်လ်တန်ဂျွန်သီဆိုထားသည့် Don't Let The Sun Go Down On Me နှင့် ဂျပ်စတင်းဘီဘာ၏ Pray အမည်ရှိ တေးသီချင်းများလည်း ပါဝင်ကြောင်း သိရှိရသည်။ (အင်တာနက်)

ရော့ခ်ဂီတပညာရှင် ပတ်တီစမစ် ဆွီဒင်နိုင်ငံ၏ အမြင့်ဆုံးဂီတဆုရရှိ

စတော့ဟုမ်း မေ ၇

*၂၀၁၁ခုနှစ်အတွက် အကောင်းဆုံး ပိုလာဂီတဆု (Polar Music Prize)ကို အမေရိကန် အမျိုးသမီး ရော့ခ်ဂီတပညာရှင် ပတ်တီစမစ်က ဆွတ်ခူးရရှိသွားခဲ့သည်။ **(ယာပုံ)***

ယင်းဂီတဆုသည် ဆွီဒင်နိုင်ငံ၏ အမြင့်ဆုံးဂီတဆုဖြစ်ပြီး လာမည့် ဩဂုတ် ၃၀ရက်တွင် မြို့တော် စတော့ဟုမ်း၌ အခမ်းအနားဖြင့် ဆုများချီးမြှင့်မည်ဖြစ်သည်။ ဆုရရှိကြသူများအား ပေါင်တစ်သိန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ကဗျာဆရာမ

တော်ဝင် ဆွီဒင်ဂီတအကယ်ဒမီက အသက် ၆၄နှစ်ရှိ ဂီတပညာရှင်နှင့် ကဗျာဆရာမ စမစ်အား ယင်းဆု ဆွတ်ခူးနိုင်ခြင်းအတွက် ဂုဏ်ယူလျက်ရှိသည်။ သူမသည် ကဗျာနှင့်ရော့ခ်တေးဂီတကို ပေါင်းစပ်ပြီး အကောင်းဆုံးဖြစ်အောင် သီဆိုနိုင်သူဖြစ်သည်။ ပိုလာဂီတဆုကို ဆွီဒင်အောဘီဘီအေ တီးဝိုင်းအဖွဲ့၏ မန်နေဂျာ စတစ်အန်ဒါဘင်က ၁၉၈၉ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစား

ဆန်းဒါးလန်းအသင်းမှ ကစားသမားသုံးဦး ဒဏ်ရာကြောင့် ရာသီကုန်အထိမကစားနိုင်

လန်ဒန် မေ ၇

ဆန်းဒါးလန်းအသင်းမှ ကစားသမားများဖြစ်သော ကွင်းလယ်ကစားသမားရစ်ချက်ဆင်**(ဝဲစွန်)**နှင့် ကတ်တာမိုလီ**(လယ်)**၊ နောက်ခံလူ တူရာနာတို့ ဒဏ်ရာများ ကိုယ်စီရရှိနေသဖြင့် ယခုနှစ် ဘောလုံးရာသီကုန်အထိ ကစားနိုင်ဖွယ်မရှိကြောင်း ဆန်းဒါးလန်းကလပ်က သတင်းထုတ်ပြန်သည်။

ဒဏ်ရာရ

အသက် ၂၆ နှစ်အရွယ်ရှိ ရစ်ချက်ဆင်မှာ ဝဲဘက်ခြေထောက်ဒဏ်ရာရရှိနေပြီး အသက် ၂၃ နှစ်အရွယ်ရှိ ကတ်တာမိုလီမှာလည်း နောက်ကျောနာကျင်မှုဒဏ်ရာ ရရှိနေသည်။ အသက် ၂၈ နှစ်အရွယ်ရှိ တူရာနာမှာ ဒူးခေါင်းဒဏ်ရာရရှိနေကြသည်။

ကျန်ရှိနေ

ဆန်းဒါးလန်းအသင်း၌ ကစားသမား ၁၁ ဦး ဒဏ်ရာများရရှိနေကြပြီး ၎င်းတို့အနက် ၁၀ ဦးမှာ ပြိုင်ပွဲများကစားနိုင်ဖွယ်မရှိကြောင်း ဆန်းဒါးလန်းနည်းပြ စတီဘရုစ်က ပြောကြားသည်။ ဆန်းဒါးလန်းအသင်းသည် ရာသီကုန်အထိ လက်ကျန်နှစ်ပွဲကစားရန် ကျန်ရှိနေသည်။ ယင်းအသင်းများမှာ ဝုလ်ဗာနှင့် ဝက်စ်ဟမ်းအသင်းတို့ ဖြစ်ကြသည်။

(အင်တာနက်)

ဒဗလျူဘီအို ဝယ်လ်တာဝိတ်ချန်ပီယံအတွက် ပက်ကွီအောနှင့် မော့စလေလေတို့ထိုးသတ်မည်

မောင်မောင်မြင့်ဆွေ ➢ စုစည်းသည်

လက်စ်ဗီးဂတ်စ် မေ ၇

ဒဗလျူဘီအို ဝယ်လ်တာဝိတ်ချန်ပီယံ ထိုးသတ်ပွဲအတွက် ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွိုင်အောနှင့် စိန်ခေါ်သူမော့စလေလေတို့၏ မီဒီယာရှင်းလင်းပွဲ**(အောက်ပုံ)**ကို အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့ အမ်ဂျီအမ်ဂရင်းဟိုတယ်၌ မေ ၆ ရက်က ကျင်းပသည်။

အကောင်းဆုံး

အသက် ၃၂ နှစ်အရွယ်ရှိ ဖိလစ်ပိုင်လက်ဝှေ့သမားပက်ကွိုင်အောသည် ကမ္ဘာ့အဆင့်လက်ဝှေ့ချန်ပီယံခါးပတ် ၁၀ ခု ရရှိထားသူဖြစ်သည်။ လက်စ်ဗီးဂတ်စ်မြို့၌ ထိုးသတ်မည့် မော့စလေနှင့်ပွဲမှာ ပရိသတ်များအတွက် အကောင်းဆုံးလက်ဝှေ့ပွဲတစ်ပွဲ ဖြစ်လာမည်ဟု ၎င်းက ပြောကြားသည်။

အသက် ၃၉ နှစ်အရွယ်ရှိ မော့စလေမှာ လျင်မြန်သော ထိုးချက်များနှင့် ခြေအနေတ်အသိမ်းမြန်ဆန်သူတစ်ဦးဖြစ်သည်။ နောက်ဆုံး လက်ဝှေ့ပွဲငါးပွဲ ထိုးသတ်ခဲ့ရာတွင် နှစ်ပွဲသာအနိုင်ရရှိထားပြီး သုံးပွဲသရေကျထားသည်။

(အင်တာနက်)



တိုက်စစ်မှူးဘယ်လာမီ ကာဒစ်၌ ဆက်လက်ကစားလို

လန်ဒန် မေ ၇

မန်စီးတီးအသင်းမှ ကာဒစ်အသင်းသို့ အငှားချထားသော တိုက်စစ်မှူးဘယ်လာမီ(အပေါ်ပုံ)က ကာဒစ်အသင်း ယခုနှစ်တွင် ပရီမီယာလိဂ်သို့ မတက်ရောက်နိုင်သော်လည်း မိမိသည် ကာဒစ်အသင်း၌ပင် ဆက်လက်ကစားလိုကြောင်း မေ ၇ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ကြိုးစားပေး

အသက် ၃၁ နှစ်အရွယ်ရှိ ဘယ်လာမီအား မန်စီးတီးက တစ်နှစ်အငှားစာချုပ်ဖြင့် ကာဒစ်အသင်းသို့ အငှားချထားခြင်းဖြစ်သည်။ မိမိသည် ကာဒစ်အသင်းအား လာမည့်နှစ်၌ ပရီမီယာလိဂ်သို့တက်ရောက်နိုင်ရေး ကြိုးစားပေးလိုကြောင်း ပြောကြားသည်။

ဘယ်လာမီနှင့်မန်စီးတီးအသင်းတို့၏ စာချုပ်သက်တမ်းမှာ နောက်ထပ်နှစ်နှစ်ကျန်ရှိနေသေးသည်။ ဘယ်လာမီသည် ကာဒစ်အသင်းအတွက် ယခုနှစ်ဘောလုံးရာသီ၌ ၃၂ ပွဲ ကစားပြီး ၁၀ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

(အင်တာနက်)

ဇမ်ဘီယာနည်းပြချုပ် အိုလံပစ်အတွက်ဘောလုံးသမား ၂၉ ဦးရွေးချယ်

လူဆာကာ မေ ၇

၂၀၁၂ခုနှစ် လန်ဒန်အိုလံပစ်ပွဲတော်အတွက် ဇမ်ဘီယာအသက် ၂၃ နှစ်အောက် ဘောလုံးသမား ၂၉ ဦး၏အမည်စာရင်းကို နည်းပြချုပ် လက်ကီးအမ်စစ်ကာက မေ ၆ ရက်၌ စာရင်းထုတ်ပြန်လိုက်သည်။

အဆိုပါ ဘောလုံးသမားများသည် လာမည့်လ၌အယ်လ်ဂျီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရန်အတွက် မေ ၇ ရက်မှ စတင်စခန်းသွင်းလေ့ကျင့်ရမည်ဟု နည်းပြချုပ်လက်ကီးအမ်စစ်ကာက ပြောကြားသည်။ ယင်းကစားသမားများတွင် ဆွစ်ဇာလန်၌သွားရောက်ကစားနေသော ဖဝါယိုတမ်ဘို၊ ရုရှား၌ကစားနေသော ကွင်းလယ်ကစားသမားလန်ဂူ၊ ကွန်ဂို၌ကစားနေသော နောက်ခံလူ အမ်မြူရယ်အမ်ဘိုလာ၊ အစ္စရေး၌ကစားနေသောဇူလူ၊ ရီဂါကိုလာတို့ပါဝင်ကြောင်း သိရသည်။ နည်းပြချုပ် အမ်စစ်က တိုက်စစ်မှူးဖဝါယိုတမ်ဘိုအား အထူးဦးစားပေး ရွေးချယ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

နည်းပြမော်ရင်ဟို ချန်ပီယံလိဂ်ငါးပွဲပိတ်ပင်ခံရ

မြင့်မောင်စိုး စုစည်းသည်

မက်ဒရစ် မေ ၇

ရီးရဲမက်ဒရစ်နည်းပြမော်ရင်ဟိုအား မေ ၆ ရက်၌ ဥရောပဘောလုံးအုပ်ချုပ်မှုအဖွဲ့က ချန်ပီယံလိဂ်နည်းပြလုပ်ခွင့် ငါးပွဲပိတ်ပင်လိုက်သည်။

မော်ရင်ဟို**(ဝဲပုံ)**သည် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ကစားစဉ် နည်းပြများ၏ ပွဲကြည့်စင်မှ ထွက်သွားပြီး ယူအီးအက်ဖ်အေနှင့် ဒိုင်လူကြီးများအား ဝေဖန်ပြောကြားခဲ့သည်။ ဘာစီလိုနာအသင်းအား လွန်ခဲ့သော ရာသီသုံးရာသီတွင် ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက်အောင် ယူအီးအက်ဖ်အေ တာဝန်ရှိသူများနှင့်ဒိုင်လူကြီးများက တစ်ဖက်သတ် ဘက်လိုက်ကူညီပေးနေကြောင်း မော်ရင်ဟိုက စွပ်စွဲပြောကြားလိုက်ခြင်းဖြစ်သည်။

မော်ရင်ဟိုသည် ရီးရဲမက်ဒရစ်က ဘာစီလိုနာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားပြီးနောက် အထက်ပါအတိုင်းဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်ကစားသမား ပီပီအား ကွင်းလယ်ဒိုင်လူကြီးက အနီကတ်ပြ ထုတ်ပယ်ခဲ့ပြီးနောက် ဘာစီလိုနာက အနိုင် နှစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒဏ်ရိုက်

မော်ရင်ဟိုသည် ချန်ပီယံလိဂ်ဒုတိယအကျော့ပြိုင်ပွဲအပါအဝင် လာမည့်နှစ်ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲ ပထမသုံးပွဲတွင် နည်းပြအဖြစ်ကြီးကြပ်ခွင့် ပိတ်ပင်လိုက်ခြင်းဖြစ်သည်။ ထို့အပြင် ယူအီးအက်ဖ်အေက မော်ရင်ဟိုအား ပေါင် ၇၃၀၀၀ လည်း ဒဏ်ရိုက်လိုက်သည်။

ထိုသို့ ပိတ်ပင်လိုက်သဖြင့် နည်းပြမော်ရင်ဟိုသည် လာမည့်နှစ် ချန်ပီယံလိဂ်အုပ်စုပွဲ ပထမသုံးပွဲတွင် ကစားသမားများအား နည်းပြများနှင့် အဆက်အသွယ်မပြုလုပ်ရဟု ပိတ်ပင်ထားသည်။

(အင်တာနက်)

ယူရိုပါလိဂ် ဗိုလ်လုပွဲ ဘရာဂါနှင့် ပေါ်တိုတွေ့ပြီ

လန်ဒန် မေ ၇

ပေါ်တိုနှင့် ဘရာဂါအသင်းတို့သည် ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲတွင် အသီးသီးအနိုင်ရခဲ့ကြသဖြင့် လာမည့် မေ ၁၈ ရက်တွင် ဒဗ္ဗလင်မြို့၌ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဂိုးအများဆုံးသွင်း

ဘရာဂါအသင်းက ဘင်ဖီကာအသင်းကို ပထမအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သော်လည်း ဒုတိယအကျော့၌ တစ်ဂိုး-ဂိုးမရှိနိုင်ခဲ့၍ အဝေးဂိုးရရှိကာ ဗိုလ်လုပွဲတက်သွားခဲ့ခြင်း ဖြစ်သည်။ ပေါ်တိုက ဗီလာရီးရဲအသင်းကို ပထမအကျော့တွင် အိမ်ကွင်း၌ ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ဒုတိယအကျော့တွင် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးခဲ့သည်။ သို့သော် ပေါ်တိုအသင်းက ဂိုးကွာခြားချက်အရ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ပေါ်တိုကစားသမား ဖာကော **(အပေါ်ယာပုံ)**သည် ယူရိုပါလိဂ်တွင် ဂိုးအများဆုံးသွင်းယူထားသူဖြစ်သည်။ ယခုနှစ်အတွင်း ပေါ်တိုအသင်းအတွက် စုစုပေါင်း ၁၆ ဂိုးသွင်းယူပေးခဲ့သည်။

(အင်တာနက်)

ကမ္ဘာကျော် တိုက်ဂါးဝုဒ် ဂေါက်သီး ပြန်လည်ကစားမည်

ဖလော်ရီဒါ မေ ၇

ကမ္ဘာကျော် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်(အပေါ်ပုံ)သည် ဖလော်ရီဒါ၌ ကျင်းပမည့် ပလေယာချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

တိုက်ဂါးဝုဒ်သည် ပေါင် ၅ ဒသမ ၇ သန်းတန် ယင်းဂေါက်သီးရိုက်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့်က ပြောကြားသည်။ ၎င်းသည် လွန်ခဲ့သောတစ်လက ဒူးခေါင်းအမာရွတ် ထိခိုက်ဒဏ်ရာရထားသဖြင့် ဖလားရအောင် မကစားနိုင်ခဲ့ပေ။ သို့သော် မာစတာပြိုင်ပွဲတွင် စတုတ္ထနေရာ ချိတ်ခဲ့သည်။

ရောက်ရှိသွား

အသက် ၃၅ နှစ်အရွယ်ရှိ ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမားဟောင်း တိုက်ဂါးဝုဒ်သည် ရှစ်လအတွင်း ဖလားတစ်လုံးမျှ မဆွတ်ခူးနိုင်သဖြင့် ကမ္ဘာ့နံပါတ်ခုနစ်နေရာသို့ ရောက်ရှိသွားခဲ့ရသည်။

ဆွတ်ခူးနိုင်

တိုက်ဂါးဝုဒ်သည် ၂၀၀၈ ခုနှစ် အမေရိကန် အိုးပင်းဖလားကို ဆွတ်ခူးခဲ့ပြီးနောက် အဓိကဖလား တစ်လုံးမျှ ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိပေ။ ၂၀၀၉ ခုနှစ် ဩစတြေးလျ အိုးပင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းမရှိပေ။ ယခုအခါ ကမ္ဘာ့နံပါတ်တစ်နေရာကို အင်္ဂလန်ဂေါက်သီးကစားသမား လီဝက်စ်ဝုဒ်က ရယူထားသည်။

(အင်တာနက်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့အတွက် ထိရောက်စွာအကူအညီပေးရင်း နိုင်ငံ့အကျိုးပြု လုပ်ငန်းများကိုပါ လုပ်ကိုင်ဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် အဖွဲ့ဝင်များအား စည်းရုံးဆောင်ရွက်ရာတွင် အရေအတွက်သာမက အရည်အချင်းပြည့်စုံလာအောင် စည်းရုံးဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မေ ၆ရက် နံနက် ၉ နာရီက နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ဆက်လက်ကျင်းပသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့၌ သဘာပတိအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆွေးနွေး

အစည်းအဝေး နံနက်ပိုင်းတွင် မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အမျိုးသမီးရေးရာအဖွဲ့များက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး သဘာပတိက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

အတည်ပြု

ထို့နောက် အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ၊ Micro Credit Scheme) လုပ်ငန်းများ ထိရောက်အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် အကြံပြုဆွေးနွေးခြင်းနှင့် ပညာသင်ဆုနှင့် ပညာရေးရန်ပုံငွေ ထူထောင်ရန် အကြံပြုဆွေးနွေးခြင်းတို့ကို အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသမီးရေးရာအဖွဲ့များက အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် ဆုံးဖြတ်ချက်များကို အတည်ပြုကြကာ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြား၍ နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားမှုကို ဧပြီ ၁၅ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ပျော်ဘွယ်မြို့နယ်၌ကျင်းပ

ပျော်ဘွယ် မေ ၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့၌ (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၅ ရက် နံနက် ၈နာရီက ပျော်ဘွယ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ယင်းနောက် ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းရှိ မီးသတ်ယာဉ်များ ပြင်ဆင်ထိန်းသိမ်းရန်အတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက ငွေကျပ်တစ်သိန်း၊ ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက်နေ ဒေါ်ပုကြီးက ငွေကျပ်တစ်သိန်းနှင့် မီးသတ်စခန်း တံခါးပေါက်ပြုလုပ်ရန်အတွက် မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ခုနစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများကလက်ခံယူကြသည်။ (ဓါတ်ပုံ)

သရုပ်ပြသ

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်ခြင်းနှင့် အခြားမီးလောင်မှုများအတွက် မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သာယာဝတီမြို့နယ် သုံးဆယ်မြို့နေ ဦးကံသိမ်း-ဒေါ်ခင်စိန်(ကံသိမ်းရွှေဆိုင်နှင့်သင်္ကန်းပရိက္ခရာဆိုင်)မိသားစုက သာယာဝတီခရိုင် အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသနေသော အတွင်းလူနာများအတွက် ဆေးဝါးထောက်ပံ့ငွေကျပ် နှစ်သိန်း၊ အခမဲ့ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းတွင် ဆေးဝါးထောက်ပံ့ပေးရန် ငွေကျပ်တစ်သိန်းကို ဧပြီ ၂၉ရက်က ဆရာဝန်ကြီး ဒေါက်တာချိုချိုလွင်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၇

အနန္တမေတ္တာစာကြည့်တိုက် မြိုင်မြို့နယ်၌ဖွင့်

ပခုက္ကူခရိုင် မြိုင်မြို့နယ် ချိုင်ဖောက်အုပ်စု ဝက်ကျုံးကျေးရွာ အနန္တမေတ္တာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ စာကြည့်တိုက် အဆောက်အအုံသစ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်ဝင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်တင်နှင့် စာကြည့်တိုက်အလှူရှင် ဒေါ်တင်ပုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်ဝင်းက စာဖတ်ခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်သည် အလျား ၃၅ ပေ၊ အနံ ၂၅ ပေနှင့် အမြင့် ၁၀ ပေ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း၊ ငါးပင်×လေးပင် အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေး ကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မိုးညိုမြို့နယ်၌ စာကြည့်တိုက်ဖွင့်

သာယာဝတီခရိုင် မိုးညိုမြို့နယ် မနော်နွယ်ကျေးရွာ၌ အလင်းပန်းတိုင် စာကြည့်တိုက်ဖွင့်ပွဲ၊ အလှူငွေ၊ စာအုပ်စာစောင်နှင့် ပရိဘောဂလှူဒါန်းပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မိုးညိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းတင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် မိုးညိုမြို့နယ် အုပ်ချုပ်ရေးမှူးက အလှူငွေ ကျပ်တစ်သောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်းက သုတရသစာအုပ်စာစောင် အုပ်၁၀၀နှင့် ဒို့ကျေးရွာ ဂျာနယ် တစ်နှစ်စာအတွက် ငွေကျပ်ငါးထောင်၊ ဦးထွန်းအောင်ကျော်-ဒေါ်သင်းသင်း မိသားစုက ငွေကျပ်နှစ်သိန်းလေးသောင်းတန်ဖိုးရှိ စာကြည့်တိုက်မြေ၊ ကျေးရွာ အလှူရှင်များက အလှူငွေကျပ်သုံးသိန်းနှစ်သောင်း ဖိုက်ဘာထိုင်ခုံ ၁၁ လုံး နှင့် ဖိုက်ဘာစားပွဲတစ်လုံး ပေးအပ်လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်မှာ သွပ်မိုး၊ သမံတလင်းခင်းနှင့် အုတ်ကာ (၂၄×၁၄)ပေ အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တာလေမြို့ လျှောင်ဒဏ်သင့်ဒေသ တည်ဆောက်ရေးလုပ်ငန်းများ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

တာချီလိတ် မေ ၇

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် မေ ၅ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထို့နောက် တာလေမြို့ ပြန်လည်ထူထောင်ရေးစခန်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တာလေငလျင်ဒဏ်သင့်ဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီဝင်များ၊ ပြည်သူများနှင့်တွေ့ဆုံပြီး တာလေမြို့ ယာယီဆေးရုံနှင့် ပင်မဆေးရုံတည်ဆောက်မှု၊ အခြေခံပညာ အထက်တန်းကျောင်း စာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်းလင်း(အနောက်)ကျေးရွာအုပ်စု မအန်ခန်ကျေးရွာ၌ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီက နေအိမ်များ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။ **(အပေါ်ပုံ)** ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာချီလိတ်မြို့ နယ်စပ်ကုန်သွယ်ရေးစခန်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံကာ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးအတွက် ဆွေးနွေးမှာကြားပြီး တာချီလိတ်မြို့ မယ်ခေါင်ရပ်ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၂)တွင် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ဝဖဝ)**

မြေကြီး၊မြေပုံ မှန်ကန်ရေး ပူတာအိုခရိုင်၌ စာရင်းကောက်ယူ

ပူတာအို မေ ၆

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်များ၏ မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံများ၏ စိုက်ဧကမှန်ကန်ရေးအတွက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် ကချင်ပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးဆန်းဝင်းတို့သည် ဧပြီ ၂ ရက်က ပူတာအိုခရိုင် မြေစာရင်းရုံးတွင် ခရိုင်မြေစာရင်ဦးစီးဌာနမှူး ဦးစိန်ဝင်းနှင့် မြို့နယ်မြေစာရင်းဦးစီးမှူးများ၊ မြေစာရင်းဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင်ခရိုင်အတွင်း မြို့နယ်များ၌ ကွင်းဖွဲ့တိုင်းတာခြင်း၊ မြေတိုင်းတာခြင်း/မြေပုံစာရင်းများ၊ သီးနှံစိုက်ဧက စာရင်းများ ကောက်ယူပြုစုခြင်းလုပ်ငန်းတို့ကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တိုင်းရင်းဆေးကျန်းမာရေးဆိုင်ရာ ဟောပြော

ရန်ကုန် မေ ၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရုံးစာကြည့်တိုက်တွင် စာဖတ်ပရိသတ်များ စာဖတ်လိုစိတ်တိုးပွားစေရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအခြေခံ လိုအပ်ချက်များ သိရှိလိုက်နာကျင့်သုံးလာစေရန်၊ ကျန်းမာသော မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန်နှင့် သန့်ရှင်းသောပတ်ဝန်းကျင် တည်ဆောက်ဖန်တီးလာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် တိုင်းရင်းဆေးကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကို မေ ၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးမှူး ဦးထွန်းဝေက မဖြစ်သင့်တာမဖြစ်ရလေအောင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်စီစီမော်က ပြည်သူ့အတွက် တိုင်းရင်းဆေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

မင်းရဲမြောင်းကူး တိုးချဲ့ ကွန်ကရစ် တံတားသစ်ဖွင့်

စဥ့်ကိုင် မေ ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် မုံပင်ကျေးရွာ၌ မင်းရဲမြောင်းကူးတိုးချဲ့ ကွန်ကရစ်တံတားသစ် ဖွင့်ပွဲကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါတံတား၌ ကျင်းပသည်။

ဆောက်လုပ်

ထို့နောက် တံတားသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တံတားကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။ အဆိုပါ ကွန်ကရစ်တံတားသစ်သည် ငွေကျပ် ၃၇သိန်းကျော် အကုန်အကျခံ၍ ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ ကျင်းပမည်

နေပြည်တော် မေ ၇

ရှမ်းပြည်နယ် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲ ကျင်းပရေးအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရဲမှူးကြီး ဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ ဆပ်ကော်မတီများကို ဖွဲ့စည်းအတည်ပြုပြီး အစည်းအဝေး တက်ရောက်သူများက ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာပေးနှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော ဧပြီ၊ မေနှင့်ဇွန်လများတွင် ဥကပ်နေသော သို့မဟုတ် ဥနှင့် ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။

အဆိုပါမျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှအမိန့်ကြော်ငြာစာအမှတ် ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၄၊ ၄၅လက်မပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည် ဖြစ်ပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ရေချိုပုစွန်တုပ်ကြီးများကို ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် မြို့မဈေး အရှေ့ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်ခြင်းကို ဧပြီ ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပေါင်မြို့နယ်ရှိ ကွန်ကရစ်တံတားကြံ့ခိုင်မှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ မေ ၃ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ပုသိမ်မြို့နယ် ပုသိမ်-ရှမ်းရွာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို မေ ၅ ရက်က အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် ဥက္ကံဈေးရှိ အသားငါးဆိုင်များ ယင်လုံဆန်ခါ တပ်ဆင်ရောင်းချနေမှုကို မေ ၂ ရက်က ရုံးခွဲတာဝန်ခံဦးစီးအရာရှိ ဦးထိန်လင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေပေးဝေလျက်ရှိသော ရေထွက်ဦးရေကန် ရေသိုလှောင်ထားနိုင်မှုကို မေ ၂ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၇၄၊ မြေကွက်အမှတ် ၂၁၈၊ မြေကွက်တည်နေရာအမှတ် ၆၆၊ ရတနာ ၃လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဦးဘိုးရှိန်းအမည်ပေါက် နှစ် ၆၀ မြေငှားဂရန်(စီမံချက်ဂရန်)မြေအား အမည်ပေါက် ခင်ပွန်း ဦးဘိုးရှိန်းကွယ်လွန်သဖြင့် ဒေါ်မြသောင်း ၁၂/ကမရ(နိုင်) ၀၃၅၈၈၂ကဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ၁၂၄၄၊ မြေကွက်တည်နေရာ အမှတ် ၃၄၊ မြေကွက်အမှတ် ၁၂၄၄၊ သုခရတနာလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးအေး CG-၀၆၉၃၃၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးအေး ကွယ်လွန်သဖြင့် ဒေါ်ခင်စော ၁၂/ဥကတ(နိုင်) ၀၉၀၄၁၉က တစ်ဦးတည်းသော တရားဝင် ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

[illegible]

ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရုံးသုံး၊စခန်းသုံး ပုံစံ ၅၅မျိုး၊ ရုံးအသုံးအဆောင်စက္ကူနှင့် စာရေးကိရိယာပစ္စည်း ၂၃ မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ ချိပ်ပိတ်တင်ဒါပိတ်ရက်မှာ - ၁၂-၅-၂၀၁၁ ရက် ညနေ ၄း၀၀နာရီအထိ ဖြစ်ပါသည်။

၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၅၀၀၀ိ နှုန်းဖြင့် ၈-၅-၂၀၁၁ ရက်မှ ၁၁-၅-၂၀၁၁ ရက်အထိ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပစ္စည်းများဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၂၁၇၅၁၀၊ ၀၁-၂၁၇၅၂၁၊ ၀၁-၂၂၁၁၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့။**

ဖခင်အမည်မှန်

မိုးညှင်းမြို့၊ အုတ်ကျင်း(အထက-ခွဲ)၊ ဆဋ္ဌမတန်းမှ မောင်သိန်းဇံလင်းနှင့် နဝမတန်းမှ မလဲ့လဲ့ဆုးတို့၏ဖခင်အမည်မှန်မှာ ဦးတင်လှဖြစ်ပါသည်။

ဖခင်အမည်မှန်

ဟိုပင်မြို့၊ အလက(စက်ကုန်း)၊ သတ္တမတန်း(A)မှ မောင်ပြည့်ဖြိုးခန့်၊ မောင်ပြည့်စုံခန့်နှင့် မသီသီစိုး၊ မအေးအေးစိုး၊ မပြည့်ပြည့်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ပေါ် ဖြစ်ပါသည်။

ဖခင်အမည်မှန်

မိုးညှင်းမြို့၊အုတ်ကျင်း (အထက-ခွဲ)၊ ဆဋ္ဌမတန်းမှ မခွန်းဆင့်လှိုင်၊ မချိုးပြည့်စုံတို့၏ ဖခင်အမည်မှန်မှာ ဦးညွန့်လှိုင် ဖြစ်ပါသည်။

[illegible]

[illegible]

၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့်စာစီစာကုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

ရန်ကုန် မေ ၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကို " Forest: Nature at Your Service" "သဘာဝဝန်းကျင်ထာဝစဉ်တည်တံ့ရေး၊ သစ်တောများကိုထိန်းသိမ်းပေး"ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည် ဖြစ်သည်။

ဖိတ်ခေါ်ထား

၂၀၁၁ခုနှစ်ကို ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်အဖြစ်လည်း သတ်မှတ်ထားသည်။ သစ်တောများ၏ လူသားများအပါအဝင် သက်ရှိလောကကို အကျိုးပြုနေမှုများ၊ သဘာဝပတ်ဝန်းကျင်တည်တံ့ကောင်းမွန်စေရေးနှင့် ကမ္ဘာ့ရာသီဥတုတည်ငြိမ်ရေးအတွက် အရေးပါမှုများ၊ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ယိုယွင်းမှုမရှိစေသော စီးပွားရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍ၌တည်ရှိနေမှုများ အပါအဝင် သစ်တောများ၏ သဘာဝအလျောက်ဝန်ဆောင်မှုပေးနေသည့် အကြောင်းအရာများနှင့် အကျိုးပြုမှုများ၊ သစ်တောပြုန်းတီးမှုဖြစ်ရခြင်းများ၊ သစ်တောပြုန်းတီးမှုကြောင့် ဆုံးရှုံးမှုတန်ဖိုးများနှင့်နောက်ဆက်တွဲဖြစ်ပေါ်လာသည့် အကျိုးဆက်များ၊ လက်ရှိနှင့်အနာဂတ်မျိုးဆက်များအတွက် သစ်တောအမျိုးအစားအားလုံးကို ရေရှည်တည်တံ့စေမည့် စီမံခန့်ခွဲမှု၊ ထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးအတွက် ဆောင်ရွက်နေသည့် ဆောင်ရွက်ရန်လိုအပ်သည့်ဆောင်ရွက်ချက်များ၊ မိမိတို့ရေးသားလိုသည့် အခြားအချက်အလက်များ၊ သာဓကများပါဝင်သော ဆောင်းပါးနှင့်စာစီစာကုံးများကို ရေးသားပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ရေးသားပေးပို့

ဆောင်းပါးများကို A4 ဆိုက် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိလည်းကောင်း၊ စာစီစာကုံးများကို A4 ဆိုက် စာမျက်နှာ အနည်းဆုံး ငါးမျက်နှာမှ အများဆုံး ခုနစ်မျက်နှာအထိ လည်းကောင်း၊ ကွန်ပျူတာစာလုံး Win - Innwa သို့မဟုတ် Myanmar Unicode (Myanmar 2)၊ စာလုံးဆိုက် ၁၈(Font Size 18)၊ စာကြောင်း အကွာအဝေး ၁ ဒသမ ၅(Line Spacing 1.5) ဖြင့် စာစီ၍ ရေးသားပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ(Hard copy) တစ်စုံနှင့် CD ဖြင့်(Softcopy)တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံတို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ် (၂၈) နေပြည်တော် ဖုန်း-၀၆၇-၄၀၅၃၈၃၊ ၀၆၇-၄၀၅၃၈၆နှင့် ၀၆၇-၄၀၅၃၉၀ တို့သို့ ၂၀၁၁ခုနှစ် မေ ၂၀ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့ရန် ဖြစ်သည်။

ထိုက်တန်စွာချီးမြှင့်

ဆုရရှိသူများအား နေပြည်တော်၌ကျင်းပမည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာသနာ့နုဂ္ဂဟအသင်းဝင်အဆိုပြုလွှာ သန်လျင်မြို့နယ်၌ပေးအပ်

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာ့နုဂ္ဂဟအသင်း အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကို ဧပြီ ၂၉ရက် နံနက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပုဂံတောင်ကျေးရွာအုပ်စု မူလတန်းကျောင်း၌ကျင်းပရာ ရှေးဦးစွာ ခရိုင်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးသိန်းဇော်လေးနှင့် သန်လျင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းတို့က အမှာစကားပြောကြားပြီး ခရိုင်အသင်း အလုပ်အမှုဆောင် ဦးမြင့်သိန်းက အသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကျေးရွာအသင်းဝင်များ၏ အဆိုပြုလွှာ စောင်ရေ ၁၅၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဌေးတို့က ခရိုင်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များထံပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၈၄)

ကိတ္တိမသားသမီးအဖြစ် မွေးစားနိုင်ကြမည်

ရန်ကုန် မေ ၇

လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကလေးပြုစုရေးဌာနများ၌ ပြုစုစောင့်ရှောက်ထားသော ကလေးငယ်များအား သားသမီးမရှိသော မိဘများနှင့် သားရှိပြီးသမီးမရှိသော မိဘများ၊ သမီးရှိပြီးသားမရှိသော မိဘများ မွေးစားလိုပါက လာရောက်လျှောက်ထား၍ ကိတ္တိမ သားသမီးအဖြစ် မွေးစားနိုင်ကြောင်း သိရသည်။

စည်းကမ်းချက်များ

ကလေးမွေးစားလိုသူ မိဘနှစ်ပါးသည် ကလေးပြုစုရေးဌာန၌ မိမိတို့ချစ်ခင်နှစ်သက်သော ကလေးကိုရွေးချယ်ပြီးနောက် ယာယီပြုစုထိန်းသိမ်းစောင့်ရှောက်ခွင့်ကို ခြောက်လမှတစ်နှစ်အထိ ရရှိမည်ဖြစ်သည်။ ထို့နောက် ကိတ္တိမ မွေးစားခြင်းဥပဒေနှင့်အညီ အမွေစားအမွေခံသားသမီးအဖြစ် မွေးစားခွင့်ရရှိမည်ဖြစ်သည်။ ယင်းသို့မွေးစားရာ၌ ကလေးပြုစုရေးဌာန၏ စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနတွင် မွေးကင်းစမှသုံးနှစ်အရွယ်အထိ ကလေးငယ်ကျား ၃၀နှင့် မ ၂၄ ဦးတို့အား ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။ ထို့အပြင် ထောက်ကြန့် ကလေးပြုစုရေးဌာနတွင်လည်း သုံးနှစ်မှ ရှစ်နှစ်ကလေးများကို ပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး မန္တလေး၊ ကျိုင်းတုံ၊ မကွေး၊ မော်လမြိုင်တို့ရှိ ကလေးပြုစုရေးဌာနများတွင်လည်း ကလေးများကိုပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

လှူဒါန်းနိုင်

ကလေးမွေးစားလိုသူများ၊ ကလေးများအတွက် တစ်နေ့တာစားသောက်စရိတ်များနှင့် ကလေးအသုံးအဆောင်ပစ္စည်း လှူဒါန်းလိုသူများသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ကလေးပြုစုရေးဌာန အမှတ် ၂၄၇(ခ) အလယ်ရွှေဂုံတိုင်လမ်း ဖုန်း- ၅၅၈၄၅၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

သတင်းမှတ်စု (ကိုကြီးသာ)

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ ရဲကျင့်ဝတ်စာမေးပွဲများ ကျင်းပ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်း ခရိုင်ရဲတပ်ဖွဲ့၏ ခရိုင်အဆင့် ရဲကျင့်ဝတ်နှင့် စံပြရဲ ရေးဖြေစာမေးပွဲများကို ဧပြီ ၃၀ ရက် နံနက်က အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် အမှတ်(၁၀) အလယ်တန်းကျောင်း၌ ကျင်းပရာ ခရိုင်အတွင်းရှိ မြို့နယ်များမှ ရာထူးအဆင့်အလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၂၈ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ခင်အောင် စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (၀၁၇)

စာအုပ်စာပေ
လှူ့မိတ်ဆွေ

မြန်မာ့အလင်းသတင်းစာ

သတင်း၊ သတင်းဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါးနှင့်ကြော်ငြာပေးပို့လိုသူများ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ပါသည်-

နေပြည်တော်	ရန်ကုန်(ရုံးခွဲ)
မြန်မာ့အလင်းသတင်းစာတိုက်	မြန်မာ့အလင်းသတင်းစာတိုက်
ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊	အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊
နေပြည်တော်ခရိုင်	ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၆၇-၃၆၁၄၂	ဖုန်း - ၀၁-၅၄၅၈၃၄
၀၆၇-၃၆၁၄၈	
FAX - ၀၆၇-၃၆၁၄၁	၀၁-၅၄၄၃၁၅
၀၆၇-၃၆၁၄၆	၀၁-၅၄၄၃၀၉
e-Mail - mmalin. npt@ gmail. com	FAX - ၀၁-၅၄၁၂၇၁
	၀၁-၅၄၆၂၂၁။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းများနှင့် ကွန်ကရစ်ဇလီဖားစက်ရုံများတွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီများအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနများမှ သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းခွင်နှင့် စက်ရုံများသို့ လစဉ်သယ်ယူလိုပါသဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအား ချိပ်ပိတ်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပိတ်မည့်ရက်၊ အချိန် - ၁၃-၅-၂၀၁၁ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆-၅-၂၀၁၁ ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၃၅၂၊ ၂၉၁၉၈၅၊ ၂၉၁၉၉၄။

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၁ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၇
(ကွယ်လွန်သူ နော်အုံးမြ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံးလမ်း၊ အမှတ် ၂၀၌ နေထိုင်ခဲ့သော ကွယ်လွန်သူ နော်အုံးမြ၏ သေတမ်းစာအတည်ပြုချက်လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဦးစောတင်ထွဋ်စိုးနှင့် ဒေါ်နော်ဖောစေးတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၁ခုနှစ် မေ ၂၀ရက် (၁၃၇၃ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သော ထိုကွယ်လွန်သူ နော်အုံးမြ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဆိုင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၁ ခုနှစ် မေ ၂၀ ရက် (၁၃၇၃ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင်ရုံးတော်က ဆိုခဲ့သော ဦးစောတင်ထွဋ်စိုးနှင့် ဒေါ်နော်ဖောစေးတို့၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၁ခုနှစ် မေ ၃ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်
ခရိုင်တရားသူကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၈၆၄၈၂ Lifan LF 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲနိုင်စိုး ၅/စကန(နိုင်)၂၁၃၇၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေး။**

ကန့်ကွက်နိုင်ပါသည်

တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် ၁၁ နေ ဒေါ်သန်းသန်းမြ ၁၂/ဥကတ (နိုင်) ၀၁၇၄၆၆က အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး နေထိုင်လျက်ရှိသော အထက်ပါမြေနှင့်နေအိမ်ကို ရောင်းချရန်စီစဉ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ စာရွက်စာတမ်းအထောက်အထားများ တင်ပြလျက်ကြေညာသူထံ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်သန်းသန်းမြ
၁၂/ဥကတ(နိုင်)၀၁၇၄၆၆။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ မြေကွက် အမှတ် ၂၅၊ ဗိုလ်ချုပ်ရေနံစက်၊ ဦးပိုင်အမှတ် ၄၊ မြေကွက်ကြီးအတွင်းမှ မြေကွက်အမှတ် ၅၁၀နှင့် ၅၁၃မြေကွက် နှစ်ကွက် ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိမြေကွက်များအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေကွက်အမှတ် ၅၁၃မြေကွက်အား ဦးပေါ်ကြွယ်သို့ ချထားခဲ့သော မြေကွက်ဖြစ်ပြီး မြေကွက်အမှတ် ၅၁၀မှာ ဦးဘငြိမ်းသို့ ချထားခဲ့သော မြေကွက်များဖြစ်ပါသည်။ မြေကွက်များသည် လ/န(၃၉)ရရှိပြီးသော မြေကွက်များဖြစ်ကြပါသည်။ ၎င်းမြေကွက်များအား မူလပိုင်ရှင်များမှ အဆင့်ဆင့်ရောင်းချခဲ့ကြရာ ဦးတင်ဝင်းထွန်း အက်စ်အာရ်အမ်-၀၉၄၉၄၇ထံမှ ဒေါ်ရီရီဝင်းမှ ၂၃-၄-၁၉၉၇ ရက်တွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ထိုမြေကွက်နှစ်ကွက်သည် ကျွန်မ မရီရီဝင်း ၁၂/မဂတ(နိုင်) ၀၄၈၁၁၀ တစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်ခြင်းမရှိကြောင်းနှင့် ဖော်ပြပါ မြေကွက်နှစ်ကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မရီရီဝင်း၏ကိုယ်စားလှယ်လွှဲစာရရှိသူ
တင်တင်ဝင်း ၁၂/မဂတ(နိုင်)၀၄၈၇၀၇
အမှတ် ၅၆၊ ၉၃ လမ်း၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်

နေပြည်တော်။ ၁၃၇၃ခုနှစ် တန်ခူးလပြည့်ကျော် ၆ရက်
၂၀၁၁ခုနှစ် မေ ၈ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို နေပြည်တော်မဏိရတနာကျောက်စိမ်းခန်းမ၌ ၂၀၁၁ခုနှစ် ဇူလိုင်လတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၁၁ခုနှစ် မေ ၁၄ရက်မှ ဇွန် ၁၃ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်ရုံးခွဲ)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်၊ မိုင်းရှူး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုးညှင်း)မြို့များတွင် အခြေပြုသည့် ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။

သစ်မွှေးပျိုးပင် ရောင်းရန်ရှိသည်

(မြစ်ကြီးနား မျိုးကောင်းမျိုးသန့်)

စုံစမ်းရန်ဖုန်း-၀၉-၈၆၁၂၉၀၄၊ ၀၉-၅၁၄၆၂၁၄၊
၀၅၇-၆၂၃၀၇၊ ၀၅၇-၆၂၀၀၆။

ကဆုန်လ(၅)ရက် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ကျိုက်ဒေးဒလွန်ဘုရားကြီးအနီးရှိ ထေရီဓမ္မရိပ်သာကြီးအတွင်း၌ မိုးကုတ်ဝိပဿနာ (၅)ရက်အထူးတရားစခန်းပွဲကြီးကို ၁၃၇၃ခုနှစ် ကဆုန်လပြည့်နေ့မှလပြည့်ကျော်၄ရက်အထိ(၁၇-၅-၂၀၁၁ ရက်မှ ၂၁-၅-၂၀၁၁ရက်)အထိ ကျင်းပဖွင့်လှစ်သွားမည်ဖြစ်ပြီး အေးမြဂုဏ်ရည်ဆရာတော် ဘဒ္ဒန္တအဂ္ဂိရ၊ ရန်ကုန်မြို့ အရှင်သူမြတ်က နေ့စဉ်တရားချီးမြှင့်ဟောကြားပေးမည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီသူတော်စင်များကြိုတင်စာရင်း ပေးသွင်းနိုင်ပြီဖြစ်ပါသည်။ မြောက်ဥက္ကလာ (၆)ကွေ့မှ ကြို/ပို့ကားများရှိပါသည်။

အကျိုးတော်ဆောင်အဖွဲ့
ထေရီဓမ္မရိပ်သာ
ဖုန်း-၀၉-၅၄၀၄၃၉၄။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အမှတ် ၅၅၀(က)၊ ကောလင်း ၃လမ်း၊ (၇)ရပ်ကွက်၊ ဒဂုံ(အရှေ့ပိုင်း) မြို့နယ်နေ မမေသူဝင့် ၁၂/ဒဂရ(နိုင်)၀၀၇၂၉၆ သည် မိဘနှစ်ပါး၏ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်	-	ဦးလှသောင်း(ခ)မောင်မောင်အုန်း ၁၂/ဗဟန(နိုင်)၀၃၄၅၉၂
မိခင်	-	ဒေါ်တင်တင်ကြီး ၁၂/ဗဟန(နိုင်)၀၃၅၈၈၃။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၆)ရပ်ကွက်၊ မန္တလေး-လားရှိုးလမ်း၊ အမှတ် ၄၊ Bravo စတိုးနေ ကျွန်တော်၊ကျွန်မတို့၏သား မောင်ဇော်ဇော်ဦး(ခ) အပ်ဆဲ ၉/မမန(နိုင်)၀၈၂၅၅၄သည် မိခင်၊ဖခင်တို့အား အကြိမ်ကြိမ် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ပြုလုပ်ခဲ့ပြီး ရိုင်းပျစွာပြောဆိုသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမာမက်အလီ
၉/မမန(နိုင်)၀၂၄၈၀၇။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

ပါရဂူ (Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် (၂၀၁၁-၂၀၁၂) ပညာသင်နှစ်အတွက် ပါရဂူ (Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

(က) ဘောဂဗေဒ
(ခ) ဝါဏိဇ္ဇဗေဒ
(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့ (Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) ပါရဂူဘွဲ့ (Ph.D)သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၁ ခုနှစ် ဇွန် ၁ ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်။)
(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ်တက်နိုင်သူဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့တန်းအောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီမေးခွန်းဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာလက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်တစ်နှစ်အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်နှစ်နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။
(၅) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်(သို့)သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်တစ်နှစ်တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့တန်းအောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီမေးခွန်းဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက်နှစ်နှစ်အနည်းဆုံးရှိရမည်။
(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်တစ်နှစ်တက်ရောက် ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက်ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင်ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက်(ကွန်ပျူတာစာစီ၍ စာမျက်နှာသုံးမျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် ၁၃-၅-၂၀၁၁ ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (Ph.D) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

(က) ၁၄-၅-၂၀၁၁ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သက်ဆိုင်ရာဘာသာရပ်
(ခ) ၁၅-၅-၂၀၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို ၂၀-၅-၂၀၁၁ ရက် (သောကြာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ/ဌာနမှူးများထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမော်ကွန်းထိန်း ဖုန်း-၀၆၄-၃၉၂၇၈၊ ၃၉၂၇၉တို့သို့ လည်းကောင်း စုံစမ်းနိုင်ပါသည်။

အောင်ရွှေ
မော်ကွန်းထိန်း
မိတ္ထီလာစီးပွားရေးတက္ကသိုလ်။

အိမ်ခြံရောင်းမည်

ပေ၅၀×ပေ၁၀၀၊ နှစ်ထပ်တိုက်(R.C) ရေ၊ မီး၊ ဖုန်းအပြည့်အစုံ (နေရာကောင်း) ၁၀ မိုင်၊ လေဆိပ်ရိပ်သာလမ်း၊ အင်းစိန်၊

စုံစမ်းရန်- ဖုန်း-၀၁-၆၅၅၇၂၁၊ ၀၉-၅၀၀၁၀၃၆၊ ၀၉-၅၁၁၉၅၅၉။

မိဘအမည်မှန်

ရေးမြို့နယ်၊ ဒူးယားကျေးရွာ၊ အထက(ခွဲ) ဆဋ္ဌမတန်းမှ မဖြိုးလင်းနှင့်စတုတ္ထတန်းမှ မောင်တလန္တန်တို့၏ မိဘအမည်မှန်မှာ ဦးထွန်းမွန် ၁၀/ရမန(နိုင်) ၀၈၃၇၄၃ နှင့် ဒေါ်မြတ်မွေး ၁၀/ရမန (နိုင်) ၁၀၄၅၆၅တို့ ဖြစ်ပါကြောင်း။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကြည့်ရှုလေ့လာ

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ပြည်ထောင်စုဝန်ကြီးများ နေပြည်တော်ကုန်စည်ပြပွဲ(၂၀၁၁)၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော်ကုန်စည်ပြပွဲ(၂၀၁၁) ဆက်လက်ကျင်းပ လေ့လာသူများ၊ ပစ္စည်းဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် မေ ၇

နေပြည်တော်ရှိ ခမ်းနားထည်ဝါလှသော အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန အဆောက်အအုံကြီး၌ နေပြည်တော်ကုန်စည်ပြပွဲ (၂၀၁၁) (NAY PYI TAW EXPO-2011) ကို တတိယမြောက်နေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပလျက်ရှိရာ ပြခန်းတိုင်းတွင် လာရောက်လေ့လာသူများ၊ ပစ္စည်းဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဖွင့်လှစ်ပေးခဲ့

အဆိုပါ နေပြည်တော်ကုန်စည်ပြပွဲ(၂၀၁၁)ဖွင့်ပွဲကို မေ ၅ ရက်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန အဆောက်အအုံရှေ့၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြပွဲကျင်းပရေးကော်မတီမှ ဒါရိုက်တာ ဦးအောင်ဖုန်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။

ပါဝင်ပြသ

နေပြည်တော်ကုန်စည်ပြပွဲ(၂၀၁၁)ကို Smart Business Co., Ltd. က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ကုမ္ပဏီပေါင်း ၁၀၀ မှ ဆိုင်ခန်းပေါင်း ၂၅၀ ပါဝင်ပြသရောင်းချလျက်ရှိသည်။ *စာမျက်နှာ ၃ ကော်လံ ၄* ✻

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

နွေစပါးစိုက်ခင်းများ မိုင်းဆတ်မြို့နယ်၌ အောင်မြင်ဖြစ်ထွန်း။ (စာ - ၆)

ပေါ့ပ်အဆိုတော် ဂျပ်စတင်းဘိုင်ဘာ ပထမဆုံး ဝက်ဘ်ဘိုင် ဂီတဆုဆွတ်ခူး။ (စာ - ၁၀)

တိုက်စစ်မှူး ဘယ်လာဓီ ကာဒစ်၌ ဆက်လက်ကစားလို။ (စာ - ၁၁)